# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၆) ရက် ၊ သောကြာနေ့ ၊ (10-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၈၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် နိုင်ငံတော်ပိုင်နှင့် ပြည်သူပိုင်အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရန် နိုင်ငံတော်မှ ငွေကြေးကုန်ကျမှုများသည် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများပင်ဖြစ်၊ အစိုးရတစ်ရပ်၏ နစ်နာဆုံးရှုံးမှုမဟုတ်ဘဲ နိုင်ငံတော်ရှေ့ဆက် လျှောက်လှမ်းရမည့်အမျိုးသားအကျိုးစီးပွားများကို နစ်နာဆုံးရှုံးရခြင်းဖြစ်သည်ကို နားလည်သဘောပေါက်စေလို...





(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်
ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ အဆင်ပြေ လွယ်ကူချောမွေ့ စွာလည်ပတ်နိုင်ရေးအတွက်
ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးလျက်ရှိသော အင်းဝဘဏ် ၏
(၇၄)ခုမြောက် ဘဏ်ခွဲဖြစ်သည့် မိုးညှင်း ဘဏ်ခွဲကို အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအား
အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။
Myanmar MOBILE MONEY



## မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ

နိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံသားများ၏မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးသည် အလွန်အရေးကြီးပါသည်။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့်စိတ်၊ တိုင်းပြည်နှင့်လူမျိုးကိုထိပါက မချိအောင်နာသည့်စိတ်ပင်ဖြစ်ပါသည်။ မျိုးချစ်စိတ်ဓာတ်အားနည်းပါက တိုင်းပြည်နှင့်လူမျိုးအတွက် များစွာအန္တရာယ်ရှိနိုင်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်
၁၂-၂-၂၀၂၂

## ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံပဲမျိုးစုံ ၁၉၉၄၂ ဧက စိုက်ပျိုးပြီးစီး



**ဟုမ္မလင်း ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံ ပဲမျိုးစုံ ၁၉၉၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၁၄၇၂၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၉၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဟုမ္မလင်းမြို့နယ်မှာ ဆောင်းကာလ ပဲမျိုးစုံသီးနှံ ၁၄၇၂၈ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၉၉၄၂ ဧကစိုက်ပြီးနေပါပြီ။ ဆက်လက်လဲ စိုက်နေတုန်းရှိပါသေးတယ်။ ဒီလလယ်လောက်မှ ကွင်းပိတ်မှာပါ။ လက်ရှိအချိန်ထိ ပဲမျိုးစုံစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ထက် ဧက ၅၀၀၀ ကျော်ထိ တိုးစိုက်နိုင်နေတာပါ"ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းမြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲပုပ် ၁၁ ဧက၊ မတ်ပဲ ၇၅၄ ဧက၊ ပဲတီစိမ်း ဧက ၃၁၀၊ စားတော်ပဲ ၂၂၅၂ ဧက၊ မြေထောက်ပဲဧက ၉၉၂၀၊ ကုလားပဲ ၁၃ ဧက၊ အခြားပဲ ၆၆၈၂ ဧက စုစုပေါင်း ၁၉၉၄၂ ဧကတို့ဖြစ်ကြောင်း၊ လျာထားချက်အနေဖြင့် မတ်ပဲ ဧက ၄၉၀၊ ပဲတီစိမ်း ၁၂၈ ဧက၊ စားတော်ပဲဧက ၇၀၀၊ မြေထောက်ပဲ ၇၃၁၂ ဧက နှင့် အခြားပဲ ၆၀၉၈ ဧက စုစုပေါင်း ၁၄၇၂၈ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

ဆောင်းသီးနှံပဲမျိုးစုံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

## မြင်းခြံမြို့နယ်၌ VDP စီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်း ဖွင့်လှစ်ပို့ချ

**မြင်းခြံ ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဝင် ထနောင်းတိုင်ကျေးရွာမှ ကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရေးဆွဲနည်းသင်တန်းနှင့် AVIP သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကျေးရွာသယံဇာတပြ မြေပုံရေးဆွဲနည်း၊ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲနည်း၊ နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ်နှင့်ပတ်သက်သည့် သင်ခန်းစာများ စသည်တို့ကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ထနောင်းတိုင်ကျေးရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦး၊ ကျေးရွာ ရပ်မိရပ်ဖ ငါးဦး စုစုပေါင်း ၁၂ ဦး တက်ရောက်ပြီး တစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်သက်သက်နွယ်ထံမှ သိရသည်။

**မောင်ခိုင်**

## ဖြူးမြို့နယ် ကရင်ရွာမြောက်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး


**ဖြူး ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးခုံကျေးရွာအုပ်စု ကရင်ရွာမြောက်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ပြီးစီးနေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကရင်ရွာမြောက်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံကာ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ အသုံးစရိတ်များ ကျခံသုံးစွဲခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကို ကျေးရွာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဖြူးမြို့နယ် ကရင်ရွာမြောက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြုပြီး အရှည်ပေ ၂၆၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာပြည်သူလူထုကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၈ ရက်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

**ကိုညို**



# ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဂုဏ်ဆောင် တိုင်းရင်းသားစကားပုံများ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ် တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာ ဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စု စိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၅)ချက် ချမှတ်ထားသည်။ ထိုဦးတည်ချက်များသည် နိုင်ငံနှင့်လူမျိုးအတွက် အလေးအနက်ထားနေကြရမည့် ဦးတည်ချက်များဖြစ်သည်။

**ဒို့တာဝန်အရေးသုံးပါး**ကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအားလုံး၏ နှလုံးသားတွင် သားအစဉ်၊ မြေးအဆက်၊ မြစ်အညွန့်အဖွန့်ရှည်ကြာ တည်တံ့ခိုင်မြဲစွာ ချမှတ်ထားကြရမည့် ဦးတည်ချက်များလည်း ဖြစ်ကြသည်။

တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြပါမှ ပြည်တွင်းစစ်မီး ငြိမ်းသတ်နိုင်ပြီး ငြိမ်းချမ်းရေးရလဒ်ကို ရရှိခံစားနိုင်ကြမည်ဖြစ်ရာ နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားလှုပ်ရှားနေကြသည်။

**မြန်မာအဘိဓာန်**တွင် **စကားပုံ**နှင့်ပတ်သက်၍ "**လူအများ ဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် ခံပြုံ ပုံစံ ပြောဆိုလေ့ရှိသော ထိရောက်ကျစ်လျစ်ပြေပြစ်သည့်စကား**"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ **ဆင်ခြင်**နှင့်ပတ်သက်၍ "**ချင့်ချိန်သည်။ စဉ်းစားသည်။ သုံးသပ်သည်။**"ဟူ၍လည်းကောင်း၊ ဆင်ခြင်တုံတရားနှင့်ပတ်သက်၍ သင့်၊ မသင့် အကြိမ်ကြိမ်ဆင်ခြင်စဉ်းစားမှုဟူ၍လည်းကောင်း ဖွင့်ဆိုထားသည်။

တိုင်းရင်းသားစကားပုံ မြောက်မြားစွာထဲတွင် နားဝင်ချိုပြီး နှစ်လိုမြတ်နိုးဖွယ်ရာ စကားပုံများရှိသည်။ သို့သော် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးစေသောအယူအဆများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် ဟိတ်ဟန်ထုတ်၊ လိမ်ညာဖြီးဖြန်းနေကြသောကြောင့် အမှားကြာလျှင်အမှန်ထင် မဖြစ်ကြစေရေးအတွက် အလေးအနက်ထားကာ သုံးနှုန်းပြောဆိုကြစေချင်သည်။ မှန်ကန်သည့်အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြင့် ယုတ္တိရှိရှိ၊ ရှင်းလင်းပြောဆိုသုံးနှုန်းကြစေလိုသည်။

သာဓကတချို့ကို မျှဝေပေးလိုသည်။ "**ရှမ်းရိုး လင်ကိုး**"ဟူသော စကားပုံကို လင်ကိုးယောက်ယူနိုင်သည်ဟု လွဲမှားစွာ ယူဆပြောဆိုနေကြသည်။ အမှန်မှာ ရှမ်းတိုင်းရင်းသားလူမျိုး ရိုးရာယဉ်ကျေးမှုအရ အိမ်ဦးသခင် လင်ယောက်ျားကို အစဉ်ထာဝရ သစ္စာရှိရှိ ရိုးမြေကျပေါင်းသင်းကြပြီး အားကိုးတကြီး ချီးမြှင့်ဂုဏ်ပြုတန်ဖိုးထားလေးစားနေကြခြင်းကို တင်စားထားသည့် စကားပုံဖြစ်သည်။ မြန်မာဆိုရိုးဖြစ်သော "**သားကိုသခင်၊ လင်ကိုဘုရား**"နှင့် တစ်သဘောတည်းပင်ဖြစ်သည်။ နှစ်သက်မြတ်နိုးဖွယ်ကောင်းလှသည်။

❖ "ရှမ်းရိုး လင်ကိုး" ဟူသောစကားပုံကို လင်ကိုးယောက်ယူနိုင်သည်ဟု လွဲမှားစွာ ယူဆပြောဆိုနေကြသည်။ အမှန်မှာ ရှမ်းတိုင်းရင်းသားလူမျိုး ရိုးရာယဉ်ကျေးမှုအရ အိမ်ဦးသခင် လင်ယောက်ျားကို အစဉ်ထာဝရ သစ္စာရှိရှိ ရိုးမြေကျပေါင်းသင်းကြပြီး အားကိုးတကြီး ချီးမြှင့်ဂုဏ်ပြုတန်ဖိုးထား လေးစားနေကြခြင်းကို တင်စားထားသည့်စကားပုံဖြစ်သည်။ မြန်မာဆိုရိုးဖြစ်သော "သားကိုသခင်၊ လင်ကိုဘုရား"နှင့် တစ်သဘောတည်းပင်ဖြစ်သည်။ နှစ်သက်မြတ်နိုးဖွယ်ကောင်းလှသည်။ ❖

ထိုနည်းတူ "**ရှမ်းရှင်ပြု အလှူယ်လေး**"ဟူသော စကားပုံကိုလည်း လွဲမှားစွာပေါ့ပြက်ပြက်ယူဆနေကြသည်။ ပြက်ရယ်စကားပြောနေကြသည်။ အမှန်မှာ ရှမ်းကျေးရွာအလှူပွဲတစ်ပွဲ၌ ရှင်လောင်းလှည့်ကြရာတွင် အိုးစည်အတီးကောင်းသော ဗမာတစ်ဦးကို ရှမ်းအိုးစည်ရှည်ကြီးပေးအပ်ပြီး တီးခတ်စေခဲ့သည်။ ဗမာကလည်း ရှမ်းအိုးစည်ရှည်ကြီးကို လည်ပင်းတွင် လွယ်ကာ လိမ်ဖယ်ဖယ်တီး၍ လိုက်ပါလာခဲ့သည်။ ကြာတော့ လေးလံရှည်လျားလှသော ရှမ်းအိုးစည်ကြီးကြောင့် ချွေးဒီးဒီးကျစိတ်ပျက်လာသည်။ ပင်ပန်းနွမ်းလျလာသည်။ ရှင်လောင်းလှည့်ပွဲကလည်း ပြီးလုပြီးလုနှင့် လက်စမသတ် မရပ်မနားပေ။ ထို့ကြောင့် အိုးစည်ကြီးတစ်လုံးကို ခါးကုန်းအောင်လွယ်ပြီး တီးခတ်လိုက်ပါလာသော ဗမာယောက်ျားအိုးစည်သမားက ချွေးများကိုသုတ်ရင်း "ခင်ဗျားတို့ရှမ်းရှင်ပြုအလှူမှာ အိုးစည်တီးသူဟာ အိုးစည်လွယ်ရတာ အလွန်လေးလှသဗျာ"ဟုပြောကာ အိုးစည်ကြီးကိုပြန်ပေးပြီး နေအိမ်သို့ ပြန်ပြေးလေသည်။ ဤသို့ဖြင့် "**ရှမ်းရှင်ပြု အိုးစည် လွယ်ရလေးသည်**"ဟု ပြောဆိုလာခဲ့ကြရာမှ "**ရှမ်းရှင်ပြု အလွယ်လေး**"ဟု ပြောစမှတ်ပြုလာကြခြင်းဖြစ်သည်။

ထို့ပြင် "**မြန်မာအို ကျောင်းကြိုကျောင်းကြား (×××)အို ချောင်းကြိုချောင်းကြား**"စကားပုံသည် တစ်ဖက်သားကိုထိပါးစေနိုင်သည်။ "**မြွေပွေးနှင့်ရခိုင် ကိုတွေ့ရင် ရခိုင်ကို အရင်သတ်**"ဟူသော စကားပုံကိုလည်း လွဲမှားစွာ ယူဆနေကြသည်။ အမှန်မှာ မြွေဆိပ်ပြေဆေး၊ မြွေဆိပ်မပျံ့နှံ့ရေးအတွက် ရခိုင်ငှက်ပျောပင်ကိုဖြတ်၊ ငှက်ပျောမြစ်၊ ငှက်ပျောပင်မှထွက်လာသော ငှက်ပျောစေးကို အသုံးပြုခြင်းဖြစ်သည်။ တိုင်းရင်းဆေးသုံးစကားဟု သိရသည်။ အမှားကြာလျှင် အမှန်ထင်တတ်ကြသဖြင့် သတိထားကြရမည်။

ထို့ကြောင့် **အမျိုးသားစည်းလုံးညီညွတ်ရေး** တစ်နည်းအားဖြင့် **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး**အတွက် အလေးအနက်ထားကြရမည့် တိုင်းရင်းသားစကားပုံများကို ကျွန်တော်သတိရသွားသည်။ ထို့ကြောင့် ကျွန်တော်အမြတ်တနိုးမှတ်သားထားသော တိုင်းရင်းသားစကားပုံတချို့နှင့် မြန်မာစကားပုံ၊ ဆိုရိုးတချို့ကို မျှဝေပေးလိုသည်။

(ကချင်-ဂျိန်ဖော့) "ညီအစ်ကိုများကို စွန့်ပစ်ရန် ချောက်ကမ်းပါးမရှိ။ ဖက်နွမ်းခြောက်များကို စွန့်ပစ်ရန် ချောက်ရှိသည်"

(ဗမာ) "တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးရှိသည်၊ သားဆိုးသမီးဆိုး ပစ်ရိုးထုံးစံမရှိ"

(ကချင်-ဂျိန်ဖော့) "သံပူညှပ်နှင့်ကိုင်လျှင်မပူ။ မပြုတ်နိုင်။ အများလက်နှင့်ဝိုင်းကိုင်လိုက်လျှင် မညွတ်နိုင်။ စုပေါင်းလုပ်လျှင် အမြန်အောင်မြင်ပြီးစီးနိုင်တယ်"

(ဗမာ) "စုပေါင်းညီညာ အောင်ကြောင်းဖြာ"၊ "စည်းလုံးခြင်းသည် အင်အား"၊ "တစ်ယောက်ကောင်းက တစ်သောင်းဗိုလ်ခြေ၊ ညက်ညက်ကြေ"

(ကယား) "စကားဖြောင့်လျှင် အပြီးလျင်သည်။ ရေမြောင်းဖြောင့်လျှင် အစီးတွင်သည်"၊ "မသွားဖူးသည့်လမ်းကိုခေါ်တိုင်းမလိုက်နှင့်။ မစားဖူးသည့် အစာကို ကျွေးတိုင်းမစားနှင့်။ ညေ့်သည်က အိမ်ရှင်ကို နိုင်တတ်တယ်"

(ဗမာ) "အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ်"

(ကရင်) "ညီညွတ်ပါကကြမ္မာထူးကို ခံစားတတ်ရသည်"၊ "ဝါးအစည်းပြေလျှင် ဖရိုဖရဲဖြစ်သည်"၊ "မချစ်သော်ကား ကစဉ့်ကလျား၊ ချစ်သော်ကား မခြားနား"၊ "ကိုယ်ကကြောက်လျှင် ရန်သူကလည်းကြောက်"၊ "ငှက်အဖြူဆိုလျှင် အဖြူအုပ်စုမှာပျံ၊ ငှက်အမည်းဆိုလျှင် အမည်းအုပ်စုမှာပျံ"၊ "အလုပ်မလုပ်တတ်လျှင် ညီအစ်ကိုပင် ရန်သူဖြစ်နိုင်သည်"၊ "တစ်ဖက်ကသန့်နေလျှင် တစ်ဖက်ကလျှော့ပေး။ နှစ်ဖက်စလုံးသန့်နေလျှင်ကား ထမင်းအိုးကွဲလိမ့်မည်"

(ဗမာ) "ရန်ကိုရန်ချင်း မတုံ့လျှင်းနှင့်"၊ "ရန်စကိုတိုစေ၊ ချစ်စကိုရှည်စေ"၊ "ပါးကိုက်နားကိုက်"၊ "အတူတူလုပ်က အလုပ်တွင်"၊ "အတူတူစားလျှင် မြိန်ရှက်သည်၊ အတူတူအိပ်လျှင် နွေးသည်"၊

(ကရင်)"ဤတိုင်းပြည်မှာနေလျှင် ဤတိုင်းပြည်ကို ပြုစုပါ"၊ "ဤကျောက်ဆောင်ထဲမှ ဖားကိုစားလျှင် ဤကျောက်ဆောင်ကိုပြုစုပါ၊ ဤရေအိုင်ထဲမှ ငါးကို စားလျှင် ဤရေအိုင်ကိုပြုစုပါ"

(ဗမာ) "မျောက်သားစားချင် မျောက်မျက်နှာကြည့်"၊ "အရိပ်နေနေ အခက်ချိုးချိုး"။

(ချင်း)"ကိုယ့်မျိုးစေ့ကို ကိုယ်ရှိသေရမည်"၊ "ကြက်အမျိုးပျောက်ခါနီးလျှင် တစ်ကောင်နှင့် တစ်ကောင် ဆိတ်ကြတယ်"

(ဗမာ) "အိမ်ကြက်ချင်း အိုးမဲသုတ်"၊ "ကျီးတစ်ကောင်အတွက် ကျီးအများပျက်"၊

(ချင်း)"နွားနောက်အဖြူ အချင်းအချင်း အမည်းအချင်းချင်းခင်ကြတယ်"၊ "ဒါခြေ၊ ဒါပခုံး အချင်းချင်းရန်မဖြစ်သင့်၊ ညီအစ်ကို များဖြစ်တယ်"၊ "လင်မယားညီညွတ်လျှင် ရွာတစ်ရွာကို မတိုက်နိုင်။ ရွာတစ်ရွာညီညွတ်လျှင် ရွာကိုးရွာက မတိုက်နိုင်"

(ဗမာ) "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ"၊ "ညီညွတ်ခြင်းသည် စွမ်းအား"၊ "တစ်ယောက်ကောင်းက တစ်သောင်းပြို"

(ခနော၊ တောင်ရိုး) "ယာနီးချင်းဆွေမျိုးရင်း"၊ "ကျီးလိုဝိုင်းကူညီပြီး ကြက်သွန်ဖြူလိုစုစည်း"၊ "စု၍စားလျှင်ပျော်သည်၊ စု၍လုပ်လျှင် ပြီးသည်၊ စု၍လှူလျှင် အကျိုးများသည်"၊ "ရေရွေးလျှင် သောက်ရန်မရှိ၊ မြေရွေးလျှင် နေစရာမရှိ"၊ "မနေတတ်လျှင် နေစရာအိမ်ကျဉ်းမည်"

(ပလောင်) "ကြက်သွန်ဖြူလိုစုစည်း၊ ကျီးလိုဆော်ကြပါ"၊ "မိန်းမသွား ပလိုင်းပါစေ၊ ယောက်ျားသွားဓားပါစေ"၊ "အဖေမှန်း အမေမှန်း မသိသောသူသည် အမြီးပေါက်သောခွေးနှင့်မခြား"

(ပအိုဝ့်) "ရွာညီလျှင် ကျားမဝင်နိုင်"၊ "အားလုံးညီလျှင် ရွာလုံတယ်"

(ဗမာ) "နွားကွဲ ကျားကိုက်"

(မရှ) "သူကြီးမလိမ္မာရွာပျက်၊ မြင်းမလိမ္မာကြိုးပြတ်"၊ "ကြက်ကအိပ်ပေမဲ့ တောကြောင်ကမအိပ်ဘူး"၊ "ဘယ်ရွာမှာနေနေ နေတဲ့ရွာက နီးနဲ့ပဲချည်ရမယ်"

(မွန်) "တစ်လေ့တည်းစီး၊ တစ်သီချင်းတည်းဆို၊ တစ်ခွက်တည်းသောက်"၊ "ကိုယ့်ပေါင် သူများကို လှန်မပြနှင့်"၊ "မျက်ခုံးမွေးလည်း မရိတ်နှင့်၊ မင်းအမိန့်လည်း မဖီဆန်နှင့်"

(ရခိုင်) "ဝါးကွဲကေ၊ ရိဝင်ရေ"၊ "မျက်ဖြူဆိုက်လီ၊ ဆရာကြိုက်လီ"၊ "ဖိတ်ချင်းဖိတ်၊ ကိုယ့်အိမ်မှာဖိတ်ကြရန်"

(ရဝမ်) "ခွေးဟောင်၍ တောင်မရွှေ့"၊ "ရန်သူ့လက်ဆောင်သည် အလွန်ကြောက်မက်ဖွယ်ကောင်း၏"

(ရှမ်း) "တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူတူနိုင်ရိုးလား"၊ "နွားကွဲလျှင် အမဲသားဖြစ်"၊ "အဝေးမှာရှိသောရေသည် ခြောက်သွေ့သောယာမြေကို မစွတ်စိုနိုင်"၊ "အချောင်း ၁၀၀ ရှိတဲ့မြား လူအများမချိုးနိုင်"၊ "သူများကိုယုံမယ့်အစား အယားပျောက်တဲ့ ကိုယ့်တံတွေးကိုယုံပါ"

(ဗမာ) "ကိုယ်ကကျူး၊ ကိုယ့်ဒူးမယုံရ"

(လရှီ) "သားကောင်းသည် မိခင်မှ၊ အသီးကောင်းသည် အမြစ်မှ"၊ "တောင်ကို တန်ဆာဆင်သည်မှာ သစ်ပင်များ၊ ချောင်းကို တန်ဆာဆင်သည်မှာ ချောက်ကမ်းပါး"

(လီဆူ) "ဝယ်စားသူကကျွန်၊ လုပ်စားသူကသခင်"

(လူရှေ-လူရှည်) "ကျောက်ဆောင်ကြီးပင်ဖြစ်လင့်ကစား ကျောက်စရစ်ခဲလေးတွေနဲ့ မခုခံရင် မတည်နိုင်"၊ "အိမ်နီးချင်းကို ရန်ပြုခြင်းထက် အခြားခုနစ်ရွာကို စစ်တိုက်တာက သက်သာတယ်"

(အင်းသား၊ အင်းလေး) "ပန်းလည်းလှစေ၊ ပျားလည်းဝစေ"

(ဗမာ) "ရှဥ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ"

ဖော်ပြပါတိုင်းရင်းသားစကားပုံနှင့် မြန်မာစကားပုံ၊ ဆိုရိုးများသည် တိုင်းရင်းသားလူမျိုးများ၏ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးစိတ်ဓာတ်ကို ထင်ဟပ်ပုံဖော်ထားသောစကားပုံ၊ ဆိုရိုးများဖြစ်ရာ စနစ်တကျမှတ်တမ်းပြုစုပြီး ထုတ်ဝေသင့်သည်။

တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး နားလည်မှုရနိုင်ပြီး လိမ္မာယဉ်ကျေးကာ ပညာဗဟုသုတရစေသော စကားပုံ၊ ဆိုရိုးများအပါအဝင် တိုင်းရင်းသားစာပေများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအသီးသီးတွင် တာဝန်ယူထားကြသော တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် ဒေသခံတိုင်းရင်းသားလူမျိုးစုများ ညှိနှိုင်းပြုစုရေးသားကြပါက သမိုင်းမှတ်တမ်းကောင်းများ ရေးထိုးနိုင်မည်ဖြစ်ပါကြောင်း "မြဝတီနေ့စဉ်သတင်းစာ"ပါ အောက်ဖော်ပြပါ ပြည်ထောင်စုနေ့အထိမ်းအမှတ်ဆောင်ပုဒ်များဖြင့် လှုံ့ဆော်သမှုပြုလိုက်ရပါသည်။

"တွဲလက်ခိုင်ကျည် ပေါင်းစုညီ ဒို့ညီနောင်ထု ပြည်ထောင်စု"

"ညီညွတ်ခြင်းသည်စွမ်းအင် စည်းလုံးခြင်းသည် ခွန်အား ပြည်ထောင်စု၏ နှလုံးသား"

"တိုင်းရင်းသားများ စည်းလုံးအားဖြင့် လက်တွဲမပျက် ရွှေသို့ဆက်"

**ကိုးကား**

- **ရွှေဥဒေါင်း၏ "မြန်မာစကားပုံ၊ မြန်မာဆိုရိုးစကား"**
- **နေ့စဉ်ထုတ်သတင်းစာများထဲမှ မှတ်ရ**
- **ကျောင်းသုံး ဆဋ္ဌမတန်းမြန်မာပတ်စာ**

# ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီ လက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## ကျုံပျော်မြို့နယ်တွင် ဆောင်းဆီထွက်သီးနှံ ၃၅၁၃ ဧက စိုက်ပျိုးပြီးစီး

**ကျုံပျော် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၅၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၅၁၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆီထွက်သီးနှံ ၃၅၁၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများကို လျာထားချက်ပြည့်မီစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာမပါ ဆီထွက်သီးနှံဧက ၃၅၀၀ ကျော်စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ အခုတော့ စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပါပြီ။ ဆီထွက်သီးနှံတွေကို ဒေသတွင်း ဆီစားသုံးမှုဖူလုံစေဖို့နဲ့ နိုင်ငံတော်ရဲ့ဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးဖို့အတွက် စိုက်ပျိုးတာဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၂၆၉၁ ဧက၊ နှမ်း ၈၂၀ ဧက၊ ပန်းနှမ်း တစ်ဧက စုစုပေါင်း ဆီထွက်သီးနှံ ၃၅၁၃ ဧက ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ မျိုးစေ့အသုံးပြုမှုမှန်ကန်စေရေး၊ စိုက်ပျိုးရေအလွယ်တကူ သွင်းယူအသုံးပြုနိုင်ရေး စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



## မြို့သစ်မြို့နယ် ပင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြို့သစ် ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်းစုကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဠမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများ စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ပင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပဠမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၇ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀၀ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဦး**

## ပြည်ထောင်စုပွဲ

\- နှင်းစက်တွေ
ဆင်းသက်ကြွေ တဖွဲဖွဲ၊
မြိုင်ယံမှာ အမြင်ဆန်းပါဘိ
ပေါက်ပန်းနှင့်လဲ။

\- အပြုံးကိုယ်စီ
နှလုံးချိုကြည် အေးမြမြ၊
တို့မြန်မာ ဘယ်မခွဲ
လက်တွဲညီကြ။

\- စည်းလုံးခြင်း သီချင်းသံ
မိုးနဘံကို ဖြိုခွဲ၊
တစ်မြေတည်းနေ ညီနောင်ထုရဲ့
ပြည်ထောင်စုပွဲ။

\- အလံတော် တလူလူလွင့်လို့
ဝင့်ကြွားလျက် ဝေဟင်မှာ၊
မြို့ကျေးတစ်ခွင် ပျော်ရွှင်ပြုံးလို့
စည်းလုံးညီညာ၊
ပြည်ထောင်စုပွဲ နွှဲဖို့ရာ
လက်တွဲကာ ပြင်ဆင်ကြ၊
အပူမခပေ
တူမျှနေ စိတ်ဝမ်းတွေနှင့်
တောင်တန်းပြည်မ။

\- ထင်းစည်းပမာ ညီညွတ်မှုနှင့်
ညီနောင်ထုတို့ အတူပါဝင်၊
ကရင် ချင်းရယ် ဗမာ ကယားနှင့်
သွေးသားကချင်၊
အမျိုးသားစိတ်နှင့် အတူယှဉ်
ဖြူစင်သည့် ရခိုင် ရှမ်း၊
မချို့အမှန်လေ
တို့မြန်ပြည် ညီညွတ်မှု
တွေးရှုရွှင်လန်း။ ။

**စိုင်းနေဝန်း**

## သံတွဲမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သံတွဲ ဖေဖော်ဝါရီ ၉**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အထက်သဖြုချိုင်ကျေးရွာနှင့် အောက်သဖြုချိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ အထက်သဖြုချိုင်ကျေးရွာနှင့် အောက်သဖြုချိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အထက်သဖြုချိုင်ကျေးရွာနှင့် အောက်သဖြုချိုင်ကျေးရွာ၌ ရေရရှိရေးအတွက် အကျယ် ခြောက်ပေ၊ အနက်ပေ ၄၀ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြု ရန်ပုံငွေကျပ်သိန်း ၁၁၀ ဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုမြည်**

## နိုင်ငံတကာ သတင်းများ

# ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆူဒန်နိုင်ငံသို့ ရောက်ရှိ

**ခါတွန် ဖေဖော်ဝါရီ ၉**

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် အာဖရိကခရီးစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် ယနေ့တွင် ဆူဒန်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး လက်ဗရော့ဗ်သည် ဆူဒန်နိုင်ငံ ခါတွန်မြို့သို့ ဖေဖော်ဝါရီ ၈ ရက် ညပိုင်းကပင်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ယူကရိန်းပြဿနာကိုအကြောင်းပြု၍ ရုရှားနိုင်ငံကို ဖယ်ကြဉ်ထားရန် အနောက်အုပ်စုနိုင်ငံများက ကြိုးစားနေစဉ် ရုရှားအစိုးရကလည်း အာဖရိကတိုက်၌ ဩဇာတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။

ဆူဒန်နိုင်ငံသည် ၎င်း၏ ပင်လယ်နီ ကမ်းရိုးတန်းဒေသ၌ ရေတပ်စခန်းဖွင့်ခွင့် ရုရှားကိုပေးရန်စဉ်းစားပေးနေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးသည် ၎င်း၏ အာဖရိကခရီးစဉ်အတွင်း မော်ရီတေးနီးယား၊ မာလီနှင့် တောင်အာဖရိကနိုင်ငံများသို့လည်း ဝင်ရောက်ခဲ့သည်။

အာဖရိကတိုက်ရှိ ဆာဟဲလ်ဒေသနှင့် နယ်ချင်းစပ်ဒေသများ၌ ဩဇာတည်ဆောက်ရန် ရုရှားနိုင်ငံ၏ ကြိုးပမ်းမှုများကို အနောက်အုပ်စုနိုင်ငံများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။ KKO

# အီတေဝန်ဟောလိုးဝင်းပွဲ လူပြိုမှုအတွက် ပြည်ထဲရေးဝန်ကြီးကို ပြစ်တင်စွပ်စွဲရန် တောင်ကိုရီးယားလွှတ်တော်ဆုံးဖြတ်



**ဆိုးလ် ဖေဖော်ဝါရီ ၉**

ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းဖြစ်ပွားခဲ့သော ဟောလိုးဝင်းပွဲတော် လူပြိုမှုဖြစ်စဉ်အတွက် ပြည်ထဲရေးဝန်ကြီးကို စွပ်စွဲပြစ်တင်မှုပြုလုပ်ရန် တောင်ကိုရီးယားလွှတ်တော်အမတ်များက ဖေဖော်ဝါရီ ၈ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လွှတ်တော်မဲခွဲပွဲရလဒ်ကြောင့် တောင်ကိုရီးယားပြည်ထဲရေးဝန်ကြီး လီဆန်မင်းသည် လွှတ်တော်၏ ထုတ်ပယ်မှုခံရမည့် ပထမဆုံးအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးဖြစ်လာနိုင်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၂၉ ရက်က ဆိုးလ်မြို့ အီတေဝန်ရပ်ကွက်၌ ဟောလိုးဝင်းပွဲတော် လူပြိုမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၅၉ ဦး သေဆုံးခဲ့ပြီး ၁၉၆ ဦး ဒဏ်ရာများရရှိခဲ့ကြသည်။

အဆိုပါ လူပြိုမှုဖြစ်စဉ်ကို ပေါ့ပေါ့ဆဆ တုံ့ပြန်ခဲ့မှုအတွက် ပြည်ထဲရေးဝန်ကြီး လီဆန်မင်းတွင် တာဝန်ရှိကြောင်း တောင်ကိုရီးယားလွှတ်တော်အမတ်များက သုံးသပ်ထားသည်။

ပြည်ထဲရေးဝန်ကြီးအား စွပ်စွဲပြစ်တင်မှုပြုလုပ်ရေးအဆိုကို တောင်ကိုရီးယားလွှတ်တော်အမတ်ဦးရေ ၃၀၀ အနက် အမတ်ဦးရေ ၁၅၀ သာ ထောက်ခံမဲပေးရန် လိုအပ်သော်လည်း ၁၇၉ ဦးတို့က ထောက်ခံမဲပေးခဲ့ပြီး ၁၀၉ ဦးက ကန့်ကွက်မဲပေးခဲ့ကြကြောင်း သိရသည်။KKO

# လတ်ဗီးယားနိုင်ငံရှိ မောင်းသူမဲ့ လေယာဉ်စက်ရုံ မီးလောင်မှုဖြစ်ပွား

**ရီဂါ ဖေဖော်ဝါရီ ၉**

လတ်ဗီးယားနိုင်ငံ ရီဂါမြို့၌ အမေရိကန် မောင်းသူမဲ့လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခု၏ စက်ရုံတစ်ရုံတွင် ဖေဖော်ဝါရီ ၇ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ မောင်းသူမဲ့လေယာဉ်ထုတ်လုပ်ရေးစက်ရုံသည် အမေရိကန်နိုင်ငံအခြေစိုက် အက်ဂျ်အော်တိုနိုမီကုမ္ပဏီ၏ တစ်ခုတည်းသော ဥရောပစက်ရုံဖြစ်ပြီး ယူကရိန်းစစ်ဘက်အတွက် မောင်းသူမဲ့လေယာဉ်များ ဖြည့်ဆည်းပေးနေသော စက်ရုံလည်းဖြစ်သည်။

သို့ရာတွင် မောင်းသူမဲ့လေယာဉ်ထုတ်လုပ်သည့်စက်ရုံမီးလောင်ကျွမ်းမှုမှာ သွေးရိုးသားရိုးသာဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု လတ်ဗီးယားတာဝန်ရှိသူများက သုံးသပ်ထားသည်။

အဆိုပါစက်ရုံ မီးလောင်မှုကြောင့် လူသုံးဦး သေဆုံးခဲ့ကာ စက်ရုံ၏ ၆၀၀ စတုရန်းမီတာမှာ မီးလောင်ကျွမ်းမှုကြောင့်ပျက်စီးခဲ့ရပြီး မီးသတ်သမားများက လေးနာရီကြာ အချိန်ယူငြိမ်းသတ်ခဲ့ရကြောင်း လတ်ဗီးယားအစိုးရတာဝန်ရှိသူများက ဖေဖော်ဝါရီ ၈ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

အက်ဂျ်အော်တိုနိုမီ ကုမ္ပဏီသည် အဆိုပါမောင်းသူမဲ့လေယာဉ်ထုတ်လုပ်သည့်စက်ရုံကို လတ်ဗီးယားနိုင်ငံ၌ ၂၀၀၉ ခုနှစ်က စတင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO



STOP COVID-19

# ညကာလစစ်ရေးပြချီတက်ပွဲ မြောက်ကိုရီးယားပြုလုပ် ဟွာဆောင်း-၁၇ ဒုံးကျည် ၁၁ စင်း ထုတ်ဖော်ပြသ

**ပြုံယမ်း ဖေဖော်ဝါရီ ၉**

မြောက်ကိုရီးယားတပ်မတော် ဖွဲ့စည်းတည်ထောင်မှု (၇၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ညပိုင်းကာလ စစ်ရေးပြချီတက်ပွဲကို မြောက်ကိုရီးယားအစိုးရက ဖေဖော်ဝါရီ ၈ ရက်တွင် ပြုံယမ်းမြို့၌ ကျင်းပခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

စစ်ရေးပြချီတက်ပွဲတွင် မြောက်ကိုရီးယားစစ်ဘက်က ဟွာဆောင်း-၁၇ အမျိုးအစား တိုက်ချင်းပစ်ဒုံးကျည် ၁၁ စင်းထိ ထုတ်ဖော်ပြသခဲ့သည်။

ဟွာဆောင်း-၁၇ တိုက်ချင်းပစ်ဒုံးကျည်များသည် မြောက်ကိုရီးယား၏ အကြီးမားဆုံးဒုံးကျည်များဖြစ်ကြပြီး ကမ္ဘာပေါ်ရှိ မည်သည့်နေရာမျိုးကိုမဆို ရောက်ရှိနိုင်ဖွယ်ရှိကြောင်း သိရသည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံသည် ဟွာဆောင်း-၁၇ တိုက်ချင်းပစ်ဒုံးကျည်ကို ပြီးခဲ့သည့်နှစ်အတွင်းက ပထမဆုံးအကြိမ် စမ်းသပ်ပစ်လွှတ်ခဲ့သည်။

အဆိုပါ မြောက်ကိုရီးယားတပ်မတော် ဖွဲ့စည်းတည်ထောင်မှု (၇၅)နှစ်ပြည့် အထိမ်းအမှတ်စစ်ရေးပြချီတက်ပွဲသို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင်တက်ရောက်ခဲ့သော်လည်း မိန့်ခွန်းပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

KKO




# ဘရာဇီးတရားဥပဒေစိုးမိုးရေးအဖွဲ့များက တရားမဝင်ရွှေတူးသူများကို နှင်ထုတ်ရေးအတွက် အမေဇုန်မိုးသစ်တော၌ စစ်ဆင်ရေးပြုလုပ်

**ဘရာဇီးလီးယား ဖေဖော်ဝါရီ ၉**

ဘရာဇီးနိုင်ငံ ဥပဒေစိုးမိုးရေးအဖွဲ့များသည် အမေဇုန်မိုးသစ်တောရှိ ဌာနေတိုင်းရင်းသားနယ်မြေတစ်ခုအတွင်း၌ တရားမဝင်ရွှေတူးသမားများကို နှင်ထုတ်ရေးအတွက် စစ်ဆင်ရေးတစ်ရပ် ပြုလုပ်နေကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၈ ရက်တွင် ဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၆ ရက်မှစတင်ပြီး ဘရာဇီးနိုင်ငံအစိုးရ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီမှ လက်နက်ကိုင်လုံခြုံရေးအဖွဲ့ဝင်များသည် ယာနိုမာမီအမည်ရှိဌာနေတိုင်းရင်းသားအုပ်စု နေထိုင်ရာသစ်တောနယ်မြေအတွင်းဝင်ရောက်၍ တရားမဝင်ရွှေတူးသူများကို ဖမ်းဆီးခြင်းနှင့်ထုတ်ခြင်းများပြုလုပ်ခဲ့ကြသည်။

အဆိုပါ စစ်ဆင်ရေးအတွင်း ဘရာဇီးလုံခြုံရေးဝန်ထမ်းများသည် တရားမဝင်ရွှေတူးသူများ အသုံးပြုသည့် တဲစခန်းများနှင့် လေယာဉ်ရုံတစ်ခုကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။

ယာနိုမာမီလူမျိုးများနေထိုင်ရာ အမေဇုန်မိုးသစ်တောရှိ ဌာနေတိုင်းရင်းသားကြိုးဝိုင်းနယ်မြေသည် ဘရာဇီးနိုင်ငံ၏ အကြီးဆုံးဌာနေတိုင်းရင်းသား ဘေးမဲ့ကြိုးဝိုင်းဖြစ်သည်။

အဆိုပါ ကြိုးဝိုင်းအတွင်းသို့ ကျူးကျော် ဝင်ရောက်လာသည့် တရားမဝင်ရွှေတူးသမားများကြောင့် ယာနိုမာမီလူမျိုးများမှာ လူမှုဒုက္ခများနှင့် ရင်ဆိုင်နေရကြောင်း ဘရာဇီးအစိုးရက ပြောကြားထားသည်။

၎င်းသစ်တောကြိုးဝိုင်းအတွင်း ဝင်ရောက်လာသည့် တရားမဝင်ရွှေတူးသမားများနှင့်အတူ ရောဂါဘယများအပြင် လက်နက်ကိုင်အကြမ်းဖက်မှုများလည်းရှိလာခဲ့ရာ လူဦးရေ ၂၈၀၀၀ ခန့်သာရှိသည့် ယာနိုမာမီလူမျိုးများမှာ စိုးရိမ်ကြီးစွာဖြင့် နေထိုင်နေရကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာက လွှတ်တင်ခဲ့သော Lunar Flash Light လလေ့လာရေးအာကာသယာဉ်ငယ် လပတ်လမ်းအတွင်းသို့ ဝင်ရောက်နိုင်မှုမရှိခဲ့



**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က လွှတ်တင်ခဲ့သော Lunar Flash Light အမည်ရှိ လလေ့လာရေးအာကာသယာဉ်ငယ်သည် လပတ်လမ်းအတွင်းသို့ ဝင်ရောက်နိုင်မှုမရှိခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၈ ရက်က ရေးသားတင်ပြထားသည်။

နာဆာအဖွဲ့သည် Lunar Flash Light လလေ့လာရေး အာကာသယာဉ်ငယ်ကို လပေါ်ရှိရေခဲများ ရှာဖွေထောက်လှမ်းရေးအတွက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အဆိုပါအာကာသယာဉ်ငယ်သည် လဆီသို့ရောက်ရှိချိန်တွင် ဒုံးကန်အားစနစ်ပြဿနာတစ်ရပ်ကြောင့် လပတ်လမ်းအတွင်း ဝင်ရောက်နိုင်မှု မရှိသေးကြောင်း သိရသည်။

သို့ဖြစ်ရာ အဆိုပါအာကာသယာဉ်ငယ်ကို လပတ်လမ်းအတွင်းသို့သွားမည့်အစား တစ်လလျှင်တစ်ကြိမ် လကိုအနီးကပ်ဖြတ်ပျံရန် နာဆာတာဝန်ရှိသူများက စီစဉ်ထားကြောင်း သိရသည်။

လက်ရှိ အစီအစဉ်သစ်အရ Lunar Flash Light လလေ့လာရေး အာကာသယာဉ်ငယ်သည် ယခုနှစ် ဇူလိုင်လအတွင်း ပထမဆုံးအကြိမ် အနီးကပ်ပျံသန်းမှုကို ပြုလုပ်နိုင်ဖွယ်ရှိကြောင်း၊ Lunar Flash Light လလေ့လာရေး အာကာသယာဉ်ငယ်တွင် ဒုံးကန်အားစနစ် ပြဿနာရှိနေသော်လည်း အခြား စူးစမ်းလေ့လာရေးစနစ်အားလုံး ပုံမှန်အခြေအနေတွင် ရှိကြောင်း သိရသည်။

KKO

## ကမ္ဘာပေါ်၌ ရှင်သန်ကျက်စားခဲ့ဖူးသမျှ အရွယ်အစားအကြီးဆုံး ပင်ဂွင်ကျောက်ဖြစ်ရုပ်ကြွင်းကို နယူးဇီလန်နိုင်ငံ၌ တူးဖော်တွေ့ရှိ

**ဝယ်လင်တန် ဖေဖော်ဝါရီ ၉**

ကမ္ဘာပေါ်၌ ရှင်သန်ကျက်စားခဲ့ဖူးသမျှ အရွယ်အစားအကြီးဆုံး ပင်ဂွင်အဖြစ် သတ်မှတ်နိုင်သော ကမ္ဘာဦးပင်ဂွင်မျိုးစိတ်သစ်ဝင် ပင်ဂွင်ငှက် ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက နယူးဇီလန်နိုင်ငံ၌ တူးဖော်တွေ့ရှိထားကြောင်း Livescience သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၈ ရက်က ရေးသားတင်ပြထားသည်။

Kumimanu Fordycei ဟူ၍ အမည်ပေးထားသော အဆိုပါ ပင်ဂွင်ငှက်သည် ကိုယ်ခန္ဓာအလေးချိန် ၁၅၄ ကီလိုဂရမ်ထိရှိနိုင်ကြောင်း နယူးဇီလန် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Kumimanu Fordycei ပင်ဂွင်များသည် ယနေ့ခေတ်နယူးဇီလန်နိုင်ငံပတ်ပတ်လည်ရှိ သမုဒ္ဒရာရေပြင်များအတွင်း လွန်ခဲ့သောနှစ်ပေါင်း သန်း ၅၀ ကျော်က နေထိုင်ခဲ့ကြကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



Kumimanu Fordycei ပင်ဂွင် ကျောက်ဖြစ်ရုပ်ကြွင်းများကို နယူးဇီလန်နိုင်ငံ ဆောက်သ်အိုင်းလန်းကျွန်း၌ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

နယူးဇီလန် သိပ္ပံပညာရှင်များသည် Kumimanu Fordycei ပင်ဂွင် ကျောက်ဖြစ်ရုပ်ကြွင်းများနှင့်အတူ Petradyptes Stonehousei ဟူ၍ အမည်ပေးထားသည့် ပင်ဂွင် မျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကိုလည်း တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

Petradyptes Stonehousei ပင်ဂွင်များမှာ ကိုယ်ခန္ဓာအလေးချိန် ကီလိုဂရမ် ၅၀ ထိရှိနိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

KKO

## နေအဖွဲ့အစည်းအနားစွန်း၌တည်ရှိသည့် ကွာဝါဂြိုဟ်ငယ်တွင် ဖုန်မှုန့်နှင့်အာကာသဒြပ်ထည်အစအနများဖြင့် ဖွဲ့စည်းထားသော ခါးပတ်ကွင်းပိုင်ဆိုင်ထား

**ရောမ ဖေဖော်ဝါရီ ၉**

နေအဖွဲ့အစည်း အနားစွန်း၌တည်ရှိသည့် ပလူတိုကဲ့သို့အသေးစားဂြိုဟ်တစ်စင်းဖြစ်သော ကွာဝါဂြိုဟ်ငယ်သည် ရုပဗေဒနိယာမများကိုဆန့်ကျင်၍ ဖုန်မှုန့်နှင့် အာကာသဒြပ်ထည်အစအနများဖြင့် ဖွဲ့စည်းထားသော ခါးပတ်ကွင်းတစ်ကွင်း ပိုင်ဆိုင်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၈ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ ကွာဝါဂြိုဟ်ငယ်သည် ပလူတိုဦးဆောင်သည့် အငယ်စားဂြိုဟ်များအုပ်စု၌ အရွယ်အစားအားဖြင့် ပဉ္စမမြောက် အကြီးဆုံးဖြစ်ကြောင်း သိရသည်။

အရွယ်အစားအားဖြင့် အနံ ၆၉၇ မိုင်ထိရှိနိုင်သော ကွာဝါဂြိုဟ်ငယ်သည် ဂြိုဟ်ရံတစ်စင်းအပြင် ရုပဗေဒသဘောအရ မရှိသင့်သည့် ခါးပတ်ကွင်းတစ်ကွင်းကိုပါ ပိုင်ဆိုင်ထားကြောင်း အီတလီသိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

အဆိုပါခါးပတ်ကွင်းသည် ကွာဝါဂြိုဟ်ငယ်၏ အချင်းဝက်ထက် အဆ ခုနစ်ပြန်ကွာဝေးသည့်နေရာ၌ရှိနေသည်ဖြစ်ရာ ရုပဗေဒသဘောတရားများနှင့်ဆန့်ကျင်နေကြောင်း၊ ကွာဝါဂြိုဟ်ငယ်၏ ဒြပ်ဆွဲအားသည် ထိုမျှဝေးလံသောနေရာမှ ခါးပတ်ကွင်းကို တည်မြဲအတိုင်း ထိန်းထားနိုင်လောက်အောင် ပြင်းထန်မှုမရှိကြောင်း အီတလီသိပ္ပံပညာရှင်များ၏အဆိုအရသိရသည်။

နက်ပကျွန်းဂြိုဟ်၏ နေပတ်လမ်းအလွန်တွင်ရှိသည့် ကွာဝါဂြိုဟ်ငယ်ကို ၂၀၀၂ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ကိုဗစ်ကူးစက်ခံခဲ့ရသော ကင်ဆာလူနာများတွင် ရောဂါလက္ခဏာများရေရှည်ဆက်ခံစားနေကြရ

**နယူးယောက် ဖေဖော်ဝါရီ ၉**

ကိုဗစ်ရောဂါ ကူးစက်ခံခဲ့ရသော ကင်ဆာလူနာအများအပြားမှာ ကိုဗစ်ရောဂါလက္ခဏာများကို ရေရှည်ဆက်ခံစားနေကြရကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၈ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ ကိုဗစ်ကူးစက်ခံခဲ့ရသော ကင်ဆာလူနာများအနက် ထက်ဝက်ကျော်မှာ ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ဆက်ခံစားရမှုပြဿနာနှင့် ရင်ဆိုင်ခဲ့ကြရကြောင်း သိရသည်။

ထို့ပြင် အမျိုးသား ကင်ဆာလူနာများထက် အမျိုးသမီးကင်ဆာလူနာများ၌ ကိုဗစ်ကူးစက်ခံရပြီးချိန်တွင် ရောဂါလက္ခဏာများ ရေရှည် ဆက်ခံစားရနိုင်ခြေပိုမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကင်ဆာလူနာများသည် ကိုဗစ်ကူးစက်ခံရနိုင်ခြေ အမြင့်မားဆုံးအုပ်စုတွင်ပါဝင်သော်လည်း ၎င်းလူနာများအပေါ် ရောဂါ၏ရေရှည်ဆိုးကျိုး သက်ရောက်မှုဆိုင်ရာ အချက်အလက်များမှာ အကန့်အသတ်နှင့်သာ ရှိသေးကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ၂၀၂၀ ပြည့်နှစ် မတ်လနှင့် စက်တင်ဘာလကြား ကိုဗစ်ကူးစက်ခံခဲ့ရသူ ကင်ဆာလူနာများကို ၁၄ လကြာ စောင့်ကြည့်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

KKO

## ကော်ဖီကို နေ့စဉ်သောက်သုံးခြင်းဖြင့် သွေးဖိအားမြင့်တက်မှုကို လျှော့ချနိုင်

**ရောမ ဖေဖော်ဝါရီ ၉**

ကော်ဖီကို နေ့စဉ်သောက်သုံးခြင်းဖြင့် သွေးဖိအားမြင့်တက်မှုကို လျှော့ချနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၈ ရက်က ရေးသားတင်ပြထားသည်။

အီတလီ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကော်ဖီကို နေ့စဉ်သောက်သုံးခြင်းဖြင့် သွေးဖိအားကိုလျှော့ချနိုင်သလို နှလုံးကျန်းမာရေးကိုလည်း မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးအကျိုးကျေးဇူးများကို နံနက်ပိုင်းတွင် ကော်ဖီတစ်ခွက် ပုံမှန်သောက်ရုံဖြင့်ပင် ရယူနိုင်ကြောင်း အီတလီ သုတေသန ပညာရှင်များက ပြောကြားသည်။

အီတလီနိုင်ငံ ဘိုလော့ဂ်နာ တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အမျိုးသား၊ အမျိုးသမီး ၁၅၀၀ တို့၏ ကော်ဖီသောက်သုံးမှုအလေ့အထနှင့် ကျန်းမာရေးအခြေအနေများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နေ့စဉ် ကော်ဖီတစ်ခွက် သောက်သုံးသူများသည် လုံးဝမသောက်သူများနှင့် နှိုင်းယှဉ်ပါက နှလုံးခုန်ချိန် သွေးဖိအား(အပေါ်သွေး) ၁ မီလီမီတာ မာကျူရီထိ ပို၍လျော့နည်းပြီး နှစ်ခွက်ပုံမှန် သောက်သုံးသူများတွင်မူ ၅ မီလီမီတာ မာကျူရီထိ ကျဆင်းသွားသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့နည်းတူ နေ့စဉ်ကော်ဖီကို သုံးခွက်ထိ သောက်သူများမှာ လုံးဝမသောက်သူများနှင့် နှိုင်းယှဉ်ပါက အပေါ်သွေးဖိအား ၉ ဒသမ ၇ မီလီမီတာမာကျူရီထိ ကျဆင်းနေတတ်ကြောင်း သိရသည်။

KKO



နိုင်ငံတကာ
## အားကစားသတင်းများ

## ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၃) ပွဲကြိုသုံးသပ်ချက်များ

ML

**အာဆင်နယ် Vs ဘရန့်ဖို့ဒ်**

**ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၃ (ည ၉း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘရန့်ဖို့ဒ် ၀ - ၃ အာဆင်နယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**အာဆင်နယ် - အိမ်(နိုင်) ဝေး(ရှုံး) ဝေး(ရှုံး)**

**ဘရန့်ဖို့ဒ် - အိမ်(နိုင်) ဝေး(သရေ) အိမ်(နိုင်)**

အာဆင်နယ်အသင်းဟာ နောက်ဆုံးနှစ်ပွဲဆက်ရှုံးနိမ့်ထားပေမဲ့ အခုရာသီမှာ အိမ်ကွင်းရှုံးပွဲမရှိသေးဘဲ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ်ရပ်တည်နေပါတယ်။ ဘရန့်ဖို့ဒ်အသင်းက ခြေစွမ်းပိုင်းတိုးတက်နေပေမဲ့ အာဆင်နယ်အသင်းကို ယှဉ်မရပါဘူး။ဒါကြောင့် အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ အာဆင်နယ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - အာဆင်နယ် ၂ - ၁ ဘရန့်ဖို့ဒ်**

**လက်စတာ Vs ဧဗါး**

**ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၃ (ည ၉း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဧဗါး ၆ - ၂ လက်စတာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**လက်စတာ - အိမ်(သရေ) ဝေး(နိုင်) ဝေး(နိုင်)**

**ဧဗါး - ဝေး(နိုင်) ဝေး(နိုင်) အိမ်(နိုင်)**

သုံးပွဲဆက်ရှုံးပွဲမရှိသေးတဲ့ လက်စတာအသင်းအနေနဲ့ ဒဏ်ရာရကစားသမားများနေပေမဲ့ မက်ဒီဆင် ပါဝင်လာတာကြောင့် ကစားပုံထက်မြက်လာပါတယ်။ဧဗါးအသင်းက မန်စီးတီးကိုအနိုင်ရခဲ့ပေမဲ့ ရှိမီယိုနဲ့ လိုရစ်တို့မပါဝင်နိုင်တာကြောင့် အခုပွဲမှာရှုန်းကန်ရနိုင်ပါတယ်။ ဒါကြောင့် မဖြစ်မနေရမှတ်ခွဲယူဖို့ကြိုးစားလာမဲ့ အိမ်ရှင်လက်စတာကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လက်စတာ ၂ - ၂ ဧဗါး**

## အီတလီစီးရီးအေပြိုင်ပွဲ ပွဲစဉ်(၂၂) ပွဲကြိုသုံးသပ်ချက်

ML

**လက်ချီ Vs ရိုးမား**

**ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၃ (ည ၁၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရိုးမား ၂ - ၁ လက်ချီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

**လက်ချီ - ဝေး(ရှုံး) အိမ်(ရှုံး) ဝေး(နိုင်)**

**ရိုးမား - ဝေး(ရှုံး) အိမ်(ရှုံး) အိမ်(နိုင်)**

လက်ချီအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ခရီးမိုနန်စီကိုအနိုင်ကစားနိုင်ခဲ့ပေမဲ့ အိမ်ကွင်းပွဲစဉ်တွေမှာတော့ ခံစစ်ပေးဂိုးများပြီး ရလဒ်ပိုင်းကျဆင်းနေပါတယ်။ ရိုးမားအသင်းကတော့ ကစားသမားစုဖွဲ့မှုအားသာချက်ရှိတဲ့အပြင် အသင်းငယ်တွေနဲ့ဆိုရင် နိုင်ပွဲရယူတတ်တဲ့ နည်းပြမော်ရင်ဟိုရဲ့ ရိုးမားအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း - လက်ချီ ၁ - ၂ ရိုးမား**

## အားကစားသတင်း အတိုအထွာများ

- ပြင်သစ်ကိုပါဖလား ၁၆ သင်းအဆင့်တွင် မာဆေးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပီအက်စ်ဂျီအသင်း ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။
- ဘာစီလိုနာအသင်းသည် လာမည့်နှစ်ဘောလုံးရာသီတွင် ကစားသမားလုပ်ခလစာပေးချေမှုအတွက် စတာလင်ပေါင် ၁၇၇ သန်း လိုအပ်မှုကြောင့် လူငယ်ကစားသမား အန်ဆူဖာတီနှင့် ဖရန်ကီဒီဂျောင်းတို့ကို ရောင်းချရန်စီစဉ်နေသဖြင့် မန်ယူအသင်းက ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည်။
- တိုက်စစ်မှူး အူဘာမီယန်းကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့်သဘောတူညီမှုရခဲ့ကြောင်း မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်ဆီအသင်းက သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ML

# အယ်အာလီကိုအနိုင်ယူပြီး ရီးရဲလ်မက်ဒရစ်အသင်း ကမ္ဘာ့ကလပ်ချန်ပီယံဖလား ဗိုလ်လုပွဲတက်ရောက်



**မက်ဒရစ် ဖေဖော်ဝါရီ ၉**

မော်ရိုကိုနိုင်ငံတွင် ကျင်းပနေသည့် ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ရီးရဲလ်မက်ဒရစ်အသင်းက အီဂျစ်ကလပ် အယ်အာလီအသင်းကို လေးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ယူ၍ ဗိုလ်လုပွဲတက်ရောက်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းသည် ဗင်နီစီးယက်စ်၊ ရိုဒရီဂို၊ ဗယ်ဗာဒီတို့ဖြင့် ပွဲထွက်လာခဲ့ပြီး ပြိုင်ဘက်အသင်း၏ခံစစ်ကစားပုံကောင်းမွန်မှုကြောင့် သွင်းဂိုးရရှိရန်အခက်တွေ့ခဲ့သော်လည်း ပွဲချိန် ၄၂ မိနစ်တွင် ဗင်နီစီးယက်စ်က ဦးဆောင်ဂိုးသွင်းယူကာ တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် အယ်အာလီအသင်း၏ အထနှေးနေမှုကိုအခွင့်အကောင်းယူ၍ ဗယ်ဗာဒီက ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့ပြီးနောက် အယ်အာလီအသင်းအနေဖြင့် ချေပဂိုးရရှိရန် လူစားလဲမှုများပြုလုပ်ကာ တိုက်စစ်မြှင့်တင်ခဲ့သောကြောင့် ပွဲချိန် ၆၅ မိနစ်တွင် ပင်နယ်တီမှ ချေပဂိုးပြန်လည်ရရှိခဲ့သည်။

ပွဲချိန် ၈၇ မိနစ်တွင် မိုဒရစ်၏ ပင်နယ်တီကန်သွင်းခွင့်ကို အယ်အာလီဂိုးသမား ကာကွယ်နိုင်ခဲ့သော်လည်း နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တွင် ရိုဒရီဂိုနှင့် အာရီဘတ်တို့က ဦးဆောင်ဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်ကို ဥရောပချန်ပီယံ ရီးရဲလ်မက်ဒရစ်အသင်းနှင့် တောင်အမေရိကချန်ပီယံ ဖလာမင်ဂိုအသင်းတို့အနေဖြင့် ဆီမီးဖိုင်နယ်အဆင့်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရသော်လည်း ဖလာမင်ဂိုအသင်းက အယ်ဟိုင်လာအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းသည် ဗိုလ်လုပွဲတွင် ဆော်ဒီအာရေဗျကလပ် အယ်ဟိုင်လာအသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ML

# ဆွစ်ဇာလန်တင်းနစ်မယ် ဘန်ဆစ် Mubadala Abu Dhabi Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်

**ဒူဘိုင်း ဖေဖော်ဝါရီ ၉**

ယူအေအီးနိုင်ငံ ဒူဘိုင်းတွင် ကျင်းပနေသည့် Mubadala Abu Dhabi Openအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်အဖြစ် ယူကရိန်းတင်းနစ်မယ် မာတာနှင့်ဆွစ်ဇာလန်တင်းနစ်မယ် ဘန်ဆစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘန်ဆစ်က(၆-၄၊ ၇-၅) ရလဒ်ဖြင့်အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့ကြောင်း Sportsmaxသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ကမ္ဘာ့အဆင့်(၉)နေရာတွင်ရပ်တည်နေသည့် ဘန်ဆစ်သည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် အကြိတ်အနယ်ရှိခဲ့ပြီး Tie-break အဆင့်ထိကစားပြီးမှ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘန်ဆစ်က "မာတာနဲ့ ကစားရမဲ့ပွဲစဉ်ဟာ ကျွန်မအတွက် ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်လာမယ်ဆိုတာ ကြိုတွေးပြီးသားပါ။ အဲဒီအတွက် အကောင်းဆုံး ပြင်ဆင်ခဲ့ပါတယ်။ ပြင်ဆင်ထားတဲ့အတိုင်းအကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲကိုကျော်ဖြတ်ပြီး ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခွင့်ရခဲ့လို့ ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့သည်။

လက်ရှိကမ္ဘာ့အဆင့် ၅၇ နေရာတွင်ရပ်တည်နေသည့် မာတာသည် ဘန်ဆစ်ကို ရှုံးနိမ့်ခဲ့ရသော်လည်း အကောင်းဆုံးပုံစံဖြင့် ဖိအားပေးကစားနိုင်ခဲ့သကဲ့သို့ ပွဲကစားချိန် ၁ နာရီ ၃၅ မိနစ်ထိကြာမြင့်ခဲ့သည်။

ဘန်ဆစ်သည် ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် ရော်ဂျာနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ AZL



# မက်ဆီကို မြင့်မားသည့်လုပ်ခလစာဖြင့် ခေါ်ယူရန် ဆော်ဒီကလပ်အသင်းများက ကြိုးပမ်းလျက်ရှိ

**ပဲရစ် ဖေဖော်ဝါရီ ၉**

ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် မက်ဆီကို ဆော်ဒီထိပ်တန်းကလပ်အသင်းများက စီရော်နယ်ဒိုထက်မြင့်မားသည့်လုပ်ခလစာဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်ဟု Fox Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



မက်ဆီသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ နှစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီအကုန်၌ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

မက်ဆီသည် အစောပိုင်းက ပီအက်စ်ဂျီအသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်ထားသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းနှင့်အတူ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ၎င်းအနေဖြင့် ကစားသမားဘဝ အဓိကဆုဖလားအားလုံးရရှိခဲ့သည့်အတွက် လက်ကျန်ကစားသမားသက်တမ်းတစ်လျှောက်တွင် အောင်မြင်မှုထက်ငွေကြေးပိုင်းတွင် အာရုံစိုက်လိုသည့်အတွက် မြင့်မားသည့်လုပ်ခလစာပေးချေနိုင်သည့်အသင်းသို့ ပြောင်းရွှေ့ကစားရန် စဉ်းစားနေခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းက မက်ဆီကို လက်မလွှတ်လိုသည့်အတွက် ယခုနှစ်ဘောလုံးရာသီအစပိုင်းကတည်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းနေသော်လည်း လက်ရှိအချိန်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြန့်ကြာနေခြင်းဖြစ်သည်။

ဆော်ဒီနိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း ၎င်းတို့နိုင်ငံ၏ဘောလုံးအဆင့်အတန်းကို ထိပ်တန်းကစားသမားခေါ်ယူပြီး တည်ဆောက်နေသည့်အတွက် ဆော်ဒီကလပ်အသင်းများကို မက်ဆီအား ခေါ်ယူရန်အတွက် တိုက်တွန်းထားကြောင်း သိရသည်။ STA

# ဘာစီလိုနာအသင်း၊ ဂျူဗင်တပ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့က ဥရောပစူပါလိဂ်ပြိုင်ပွဲကျင်းပရန်အတွက် ပြန်လည်ကြိုးပမ်းနေ

**မက်ဒရစ် ဖေဖော်ဝါရီ ၉**




ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် ရီးရဲလ်မက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့က ဦးဆောင်ပြီး ဥရောပစူပါလိဂ်ပြိုင်ပွဲကျင်းပရန်အတွက် ပြန်လည်ကြိုးပမ်းလျက်ရှိနေသည်ဟု ဒေးလီးမေးလ်သတင်းဌာနကယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၁ခုနှစ် ဧပြီလက ရီးရဲလ်မက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်းနှင့် ဂျူဗင်တပ်အသင်းတို့ အပါအဝင် ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် မန်စီးတီးအသင်း၊ မန်ယူအသင်း၊ လီဗာပူးအသင်း၊ အာဆင်နယ်အသင်း၊ စပါးအသင်း၊ ချဲလ်ဆီးအသင်း၊ အင်တာမီလန်အသင်း၊ အေစီမီလန်အသင်း၊ အေတီကိုအသင်း အစရှိသည့် အသင်းများက ဥရောပစူပါလိဂ်ပြိုင်ပွဲကိုကျင်းပရန် စတင်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

သို့သော် ဥရောပဘောလုံးအဖွဲ့ချုပ်အပါအဝင် သက်ဆိုင်ရာကလပ်အသင်းများမှ ပရိသတ်များက ဆန့်ကျင်ခဲ့ကြသည့်အတွက် အသင်းအများစုက နုတ်ထွက်ခဲ့ကြသော်လည်း ဘာစီလိုနာအသင်း၊ဂျူဗင်တပ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့က ဆက်လက်ကြိုးပမ်းခဲ့ပြီး ဥရောပဘောလုံးအဖွဲ့ချုပ်နှင့် တရားရင်ဆိုင်ခဲ့ရာတွင် အနိုင်ရရှိခဲ့သည့်အတွက် ယခုအခါတရားဝင်ပြန်လည်ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိတွင် ဘာစီလိုနာအသင်း၊ ဂျူဗင်တပ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့က ဦးဆောင်ပြီး ဥရောပစူပါလိဂ်ပြိုင်ပွဲ ဝင်ရောက်မည့်အသင်းများကို စည်းရုံးနေပြီး ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများက အကြောင်းပြန်ခြင်းမရှိသေးသော်လည်း ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ပါဝင်မည်မဟုတ်ဟု ကြေညာထားကြောင်းသိရသည်။ STA

# Phoenix Open ချန်ပီယံ ရှက်ဖလာက လက်ရှိချန်ပီယံဆုကို ကာကွယ်ပြီး ကမ္ဘာ့အဆင့်(၁)နေရာကို ရယူလိုကြောင်း ပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်၌ကျင်းပမည့် Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရှက်ဖလာက ကမ္ဘာ့အဆင့်(၁)နေရာကိုစိန်ခေါ်နိုင်ရေးအတွက် ချန်ပီယံဆုကိုကာကွယ်ရန် ပစ်မှတ်ထားနေဟုပြောကြားခဲ့ကြောင်း The West သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရှက်ဖလာသည် လက်ရှိကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်လျက်ရှိနေပြီး Phoenix Openဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုထပ်မံဆွတ်ခူးနိုင်ခဲ့ပါက မက်အီလ်ရွိုင်းထံမှ ကမ္ဘာ့အဆင့် (၁)နေရာကို လွှဲပြောင်း ရယူနိုင်မည်ဖြစ်သော်လည်း ပုံစံကောင်းရရှိရန် ရုန်းကန်နေရသည့်အတွက် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရေးအတွက်ပင် အခက်အခဲရှိလာဖွယ်ရှိနေသည်။

ရှက်ဖလာ "ကျွန်တော့်အနေနဲ့ ပုံစံကောင်းရရှိဖို့ ရုန်းကန်နေရတဲ့ အခြေအနေမှာပါ။ လက်ရှိမှာတော့ မက်အီလ်ရွိုင်းနဲ့ဂျွန်ရမ်းတို့က ကမ္ဘာ့အကောင်းဆုံးကစားသမားတွေဖြစ်ပါတယ်။ လက်ရှိစွမ်းဆောင်ရည်ပိုင်းနဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်က မကိုက်ညီပါဘူး။ ကျွန်တော့်အနေနဲ့ကမ္ဘာ့အဆင့်(၂)နေရာနဲ့ထိုက်တန်ကြောင်းလုပ်ပြနိုင်ဖို့လိုအပ်ပါတယ်။ အခုဒီပြိုင်ပွဲမှာ လက်ရှိချန်ပီယံတစ်ဦးအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရမှာဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ကမ္ဘာ့အဆင့်(၁)နေရာကိုတက်လှမ်းနိုင်ဖို့လဲ အကောင်းဆုံးကြိုးစားသွားပါမယ်။ဒါပေမဲ့ အချိန်တိုအတွင်း ဒီလိုဖြစ်လာဖို့တော့ မလွယ်ပါဘူး။ အချိန်ယူပြီးတော့ ပြင်ဆင်ကြိုးစားဖို့လိုအပ်မှာပါ"ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းနှင့် အဆင့်(၃)မှ ဂျွန်ရမ်းတို့သည်လည်း Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည့်အတွက် အကြိတ်အနယ်ရှိသည့်ပြိုင်ပွဲဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ AZL

# ဖီဖာတစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆု ဆန်ခါတင်စာရင်းတွင် အာဂျင်တီးနားနှင့် အေဗီလာအသင်းဂိုးသမား မာတီနက်ဇ်က ထိပ်ဆုံးမှဦးဆောင်နေ

**ဇျူးရိခ်အေရိခ် ဖေဖော်ဝါရီ ၉**

လာမည့် ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ကျင်းပမည့် ၂၀၂၂ ခုနှစ်အတွက် ဖီဖာတစ်နှစ်တာ အကောင်းဆုံးဂိုးသမားဆုတွင် ဆန်ခါတင်စာရင်း၌ အာဂျင်တီးနားနှင့် အေဗီလာအသင်းမှ မာတီနက်ဇ်၊ ရီးရဲလ်မက်ဒရစ်အသင်းမှကော့တွိုက်စ်နှင့် ဆီဗီလာအသင်းမှ ဘိုနိုတို့ပါဝင်ခဲ့ပြီး အာဂျင်တီးနားအသင်းကို ကမ္ဘာ့ဖလားရယူပေးခဲ့သည့် ဂိုးသမားမာတီနက်ဇ်က ထိပ်ဆုံးမှဦးဆောင်နေကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။




အဆိုပါဆုကို ၂၀၂၁ ခုနှစ် ဩဂုတ် ၈ ရက်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်အတွင်း စွမ်းဆောင်ခဲ့သည့် ဂိုးသမားများ၏ စွမ်းဆောင်မှုများကို စိစစ်ရွေးချယ်ပေးအပ်လေ့ရှိရာ ပဏာမကစားသမားစာရင်းတွင် မန်စီးတီးအသင်းမှ ဂိုးသမား အန်ဒါဆင်၊ လီဗာပူးအသင်းမှ ဂိုးသမား အယ်လစ်ဆန်၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ဂိုးသမား ကော့တွိုက်၊ ဆီဗီလာအသင်းမှ ဂိုးသမား ဘိုနိုနှင့် အေဗီလာအသင်းမှ ဂိုးသမား မာတီနက်ဇ်တို့ပါဝင်ခဲ့သည်။

သို့သော် နောက်ဆုံးဆန်ခါတင်စာရင်း၌ အာဂျင်တီးနားအသင်းကို ကမ္ဘာ့ဖလားရယူပေးခဲ့သည့် မာတီနက်ဇ်၊ ရီးရဲလ်မက်ဒရစ်အသင်းကို အမှတ်ပေးဖလားနှင့် ချန်ပီယံလိဂ်ဖလားရယူပေးခဲ့သည့် ကော့တွိုက်နှင့်မော်ရိုကိုအသင်းကို ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်သို့ ပို့ဆောင်ပေးခဲ့သည့် ဆီဗီလာအသင်းမှ ဘိုနိုတို့သာပါဝင်ခဲ့ပြီး မာတီနက်ဇ်က တစ်နှစ်တာအကောင်းဆုံးဂိုးသမားဆုရရှိရန် ရေပန်းစားလျက်ရှိသည်။

အဆိုပါဆုကို ကမ္ဘာတစ်ဝန်းရှိ ဘောလုံးနည်းပြများ၊ အသင်းခေါင်းဆောင်များ၊ဘောလုံးပရိသတ်များနှင့် ဂျာနယ်လစ်များက မဲပေးရွေးချယ်ကာ ချီးမြှင့်ပေးအပ်လေ့ရှိပြီး မာတီနက်ဇ်က ကမ္ဘာ့ဖလားဗိုလ်လုပွဲ၌ ပြင်သစ်တိုက်စစ်မှူး မူအာနီ၏ အပိုင်ကန်သွင်းချက်နှင့် ပင်နယ်တီအဆုံးအဖြတ်တွင် ကိုးမန်း၏ ကန်သွင်းချက်များကိုကာကွယ်မှု ပြုလုပ်ပြီး အာဂျင်တီးနားအသင်းကို ကမ္ဘာ့ဖလားယူပေးခဲ့သောကြောင့် မဲရလဒ်အသာဖြင့် ထိပ်ဆုံး၌ဦးဆောင်နေကြောင်း သိရသည်။ ML

## စပိန်လာလီဂါ ပွဲစဉ်(၂၁) ပွဲကြိုသုံးသပ်ချက်

STA

**အယ်မာရီယာ Vs ဘက်တစ်**

**ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၃ (ည ၀၉း၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘက်တစ် ၃ - ၁ အယ်မာရီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အယ်မာရီယာ** | - | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(ရှုံး) |
| **ဘက်တစ်** | - | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |

နှစ်ပွဲဆက်ရှုံးနိမ့်ထားတဲ့ ဘက်တစ်အသင်းဟာ ဥရောပဝင်ခွင့်တစ်နေရာအတွက် မရေမရာဖြစ်နေလို့ အခုပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။ လက်ရှိ အယ်မာရီယာအသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘက်တစ်အသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - အယ်မာရီယာ ၁ - ၂ ဘက်တစ်**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၂၀) ပွဲကြိုသုံးသပ်ချက်

STA

**ဘိုင်ယန်မြူးနစ် Vs ဘိုချမ်**

**ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုချမ် ၀ - ၇ ဘိုင်ယန်မြူးနစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘိုင်ယန်မြူးနစ်** | - | အိမ်(သရေ) | ဝေး(နိုင်) | ဝေး(နိုင်) |
| **ဘိုချမ်** | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(ရှုံး) |

ဘိုင်ယန်မြူးနစ်အသင်းဟာ အမှတ်ပေးဇယားဒုတိယနေရာက ယူနီယံဘာလင်အသင်းနဲ့ရမှတ်ကွာဟမှုကျဉ်းမြောင်းနေလို့ အိမ်ကွင်းမှာ ရမှတ်သုံးမှတ်ရရှိအောင်ကြိုးစားလာမှာပါ။ ဘိုချမ်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ ဘိုင်ယန်မြူးနစ်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်မှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ ဘိုင်ယန်မြူးနစ်အသင်းပဲအနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘိုင်ယန်မြူးနစ် ၄ - ၀ ဘိုချမ်**

## ပြင်သစ်လီဂူး ပွဲစဉ်(၂၃) ပွဲကြိုသုံးသပ်ချက်များ

STA

**မိုနာကို Vs ပီအက်စ်ဂျီ**

**ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၃ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပီအက်စ်ဂျီ ၁ - ၁ မိုနာကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မိုနာကို** | - | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(နိုင်) |
| **ပီအက်စ်ဂျီ** | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |

မိုနာကိုအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေတယ်ဆိုပေမဲ့ ပီအက်စ်ဂျီအသင်းနဲ့တွေ့ဆုံတိုင်းရုန်းကန်ရလေ့ရှိပါတယ်။ လက်ရှိပီအက်စ်ဂျီအသင်းရဲ့ ခြေစွမ်းပိုင်းကလဲ အဝေးကွင်းဆိုပေမဲ့ ဖိအားပေးကစားနိုင်မှာပါ။ဒါကြောင့် တွေ့ဆုံမှုတိုင်းအသာစီးရလေ့ရှိတဲ့ ပီအက်စ်ဂျီအသင်းပဲရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - မိုနာကို ၂ - ၃ ပီအက်စ်ဂျီ**

**ကလဲယားမောင့် Vs မာဆေး**

**ကစားမည့်ရက်/အချိန် ၁၂-၂-၂၀၂၃ (နံနက် ၀၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၁ - ၀ ကလဲယားမောင့်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**


| | | | | |
|---|---|---|---|---|
| **ကလဲယားမောင့်** | - | အိမ်(သရေ) | ဝေး(သရေ) | အိမ်(ရှုံး) |
| **မာဆေး** | - | ဝေး(နိုင်) | အိမ်(ရှုံး) | အိမ်(နိုင်) |

လက်ရှိ ဒီနှစ်သင်းရဲ့ခြေစွမ်းပိုင်းက အတော်လေးကွာခြားမှုရှိနေသလို နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ကလဲယားမောင့်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ ဆိုးရွားနေပါတယ်။ မာဆေးအသင်းကတော့ အဝေးကွင်းဆိုပေမဲ့ အသာစီးရရှိအောင်ကစားနိုင်မှာပါ။ ဒါကြောင့် မာဆေးရဲ့အနိုင်ရလဒ်က ပြတ်သားမှာပါ။

**အင်တာနက်ခန့်မှန်း - ကလဲယားမောင့် ၀ - ၂ မာဆေး**

# တရုတ်နှင့် ဆက်ဆံရေးပိုမိုနီးကပ်လာသော ဗီယက်နမ်

**မောင်သောင်းဝင်း(တမန်ဟောင်း)**



ဗီယက်နမ်သမ္မတ ငုယင်စွမ်းဖုသည် ဇန်နဝါရီလအတွင်းက တာဝန်မှမဖြစ်မနေ နုတ်ထွက်ခဲ့ရသည်။ သတင်းမီဒီယာများသည် အဂတိလိုက်စားမှုများတွင် ပါဝင်ပတ်သက်သော ငုယင်စွမ်းဖု၏မိသားစုများနှင့် စပ်လျဉ်း၍ သီတင်းပတ်များစွာကြာ ဖော်ပြခဲ့သည်။ ဒုတိယဝန်ကြီးချုပ် နှစ်ဦးအပါအဝင် အရာရှိဒါဇင်ပေါင်းများစွာကို ကိုဗစ်-၁၉ ရောဂါကုသရေးဆိုင်ရာ ဆေးဝါးများဝယ်ယူရာတွင် အဂတိလိုက်စားခြင်းအပြင် ကိုဗစ်ကာလအတွင်း ပြည်ပမှစင်းလုံးငှားလေယာဉ်ဖြင့် ပြန်လာသော ဗီယက်နမ်နိုင်ငံသားများအတွက် လေယာဉ်နေရာစီစဉ်ပေးရာ၌ အဂတိလိုက်စားမှုများတွင် ပါဝင်ပတ်သက်ခဲ့သဖြင့် ရာထူးမှဖယ်ရှားခဲ့သည်။

အထွေထွေအတွင်းရေးမှူး ငုယင်ဖုထရောင်း ဦးဆောင်သော ဗီယက်နမ်ကွန်မြူနစ်ပါတီ (CPV) သည် အဂတိလိုက်စားမှုတိုက်ဖျက်လျက်ရှိသည်မှာ ဆယ်စုနှစ်တစ်ခုနီးကြာမြင့်ပြီဖြစ်ပြီး မကြာသေးမီအချိန်တွင်းက အောင်မြင်မှုများရှိခဲ့သည်။ CPV သည် တရုတ်ကွန်မြူနစ်ပါတီ (CPC) နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့၏ လုပ်နည်းလုပ်ဟန်အတိုင်း လိုက်ပါလုပ်ဆောင်လျက်ရှိသဖြင့် စိုးရိမ်ပူပန်သည့်အသံများလည်း ထွက်ပေါ်လျက်ရှိသည်။ အမှန်တော့ CPV အာဏာရပါတီအဖြစ် တရားဝင်ရပ်တည်နိုင်ရေးအတွက် အဂတိလိုက်စားမှုများကို တိုက်ဖျက်နေခြင်းဖြစ်သည်။

ဆယ်စုနှစ်များစွာကြာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခဲ့ပြီးနောက် CPV ၏ ဦးစားပေးလုပ်ငန်းများသည် ပြောင်းလဲလာခဲ့သည်။ ဗီယက်နမ်သည် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ဟောင်ကောင်နှင့် စင်ကာပူတို့၏နောက်တွင်သာ ရှိနေသည်။ စီးပွားရေးလုပ်ငန်းသည် ကုန်သွယ်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများပေါ်တွင် များစွာမှီတည်နေရသောကြောင့် အဂတိလိုက်စားမှုများ တိုက်ဖျက်ခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းများအတွက် လုပ်သာကိုင်သာ ပတ်ဝန်းကျင်ဖန်တီးပေးခြင်းသည် မဖြစ်မနေလိုအပ်လျက်ရှိသည်။ လက်ရှိအချိန်တွင် ကမ္ဘာလုံးဆိုင်ရာကုန်ထုတ်လုပ်သူများသည် တရုတ်နိုင်ငံအပြင် အခြားနေရာများတွင်လည်း အရောင်းကွင်းဆက်များ ရှာဖွေလျက်ရှိသောကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်သွားရန် လိုအပ်ပေသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပြဿနာများရှိနေခြင်းသည် ပြည်သူများ စိတ်မကျေနပ်မှုဖြစ်စေသည့်အပြင် လူမှုရေးတည်ငြိမ်မှုအပေါ် သက်ရောက်မှုဖြစ်စေခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးစေခြင်းနှင့် နောက်ဆုံးတွင်ပြည်သူလူထုသည် CPV ၏ တရားဝင်ရပ်တည်ချက်အပေါ် ယုံကြည်မှုပျောက်ဆုံးလာစေနိုင်ပေသည်။ ဂျာမနီအခြေစိုက် အဂတိလိုက်စားမှုလျှော့ချရေးအဖွဲ့၏အဆိုအရ နိုင်ငံပေါင်း ၁၈၀ တွင် တရုတ်သည် အဆင့် (၆၆) တွင်လည်းကောင်း၊ ဗီယက်နမ်သည်အဆင့် (၈၇) တွင်လည်းကောင်း ရပ်တည်နေသည်ဟုဆိုသည်။

CPV အထွေထွေအတွင်းရေးမှူး ငုယင်ဖုထရောင်းသည် ယခင်နှစ် နိုဝင်ဘာလအတွင်း တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်ပြီးနောက် နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်တွင် တရုတ်နှင့်ဗီယက်နမ်တို့ကြား အဂတိလိုက်စားမှုထိန်းချုပ်ရေးနှင့် တားဆီးရေးတို့တွင် ပူးပေါင်းဆောင်ရွက်သွားရန် ဖော်ပြထားရှိသည်။ CPV သည် တရုတ်နိုင်ငံ၏ အဂတိလိုက်စားမှုလှုပ်ရှားမှုများကို လေ့လာအတုယူဆောင်ရွက်လျက်ရှိပြီး ၎င်း၏ပါတီကေဒါများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရာတွင် သင်တန်းပို့ချပေးရန် တရုတ်နိုင်ငံကို အကူအညီတောင်းခံထားသည်။

လက်ရှိအချိန်တွင် ဗီယက်နမ်၌ တရုတ်ပုံစံအုပ်ချုပ်မှုအလေ့အထများကိုလည်း ကျင့်သုံးနေပြီဖြစ်သည်။ သာဓကအနေဖြင့် အင်တာနက်ထိန်းချုပ်ခြင်း၊ ပါတီအာဏာတောင့်တင်းခိုင်မာအောင် လုပ်ဆောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံတော်မှပါဝင်မှုများပြားလာခြင်းနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းမိုးလာလျက်ရှိသည်။ ယခင် နှစ်အတွင်း ဝန်ကြီးများ၊ ထိပ်တန်းအရာရှိများနှင့် သံတမန်များအပါအဝင် CPV အဖွဲ့ဝင် ၅၃၉ ဦးကို အဂတိလိုက်စားမှုနှင့် လုပ်နည်းကိုင်နည်းလွဲမှားမှုဖြင့် အရေးယူခဲ့သည်။ ရဲတပ်ဖွဲ့အနေဖြင့် အဂတိလိုက်စားမှု ၄၃၅ မှုကိုလည်း စုံစမ်းလျက်ရှိရာ ၂၀၂၁ ခုနှစ်ကထက် ၅၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

တရုတ်နှစ်သစ်ကူးနေ့မတိုင်မီ တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ငုယင်ဖုထရောင်းထံသို့ စာရေးသားခဲ့ရာ၌ တရုတ်နှင့်ဗီယက်နမ်တို့သည် ထူးခြားမှုများရှိသော မဟာဗျူဟာမြောက် အနာဂတ်ကိုမျှဝေခံစားနေသည့်အသိုက်အဝန်းတစ်ခုဖြစ်ကြောင်း ဖော်ပြထားသည်။ ထရောင်းကလည်း ၎င်းအနေဖြင့် နှစ်နိုင်ငံစလုံး၏ ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သီအိုရီများ၊ အလေ့အထများနှင့်စပ်လျဉ်း၍ မဟာဗျူဟာမြောက်ချိတ်ဆက်ဆောင်ရွက်သွားရေးအပြင် ပါတီနှစ်ရပ်စလုံးနှင့် နှစ်နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း ပြန်လည်စာရေးသားပေးပို့ခဲ့သည်။

တရုတ်နှင့်ဗီယက်နမ်တို့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အဓိကရည်ရွယ်ချက်သည် ကွန်မြူနစ်ပါတီကို ပြည်သူများ၏ထောက်ခံမှု စဉ်ဆက်မပြတ်ရရှိစေရန်အပြင် ပါတီကိုဗဟိုပြုရန်နှင့် တိုင်းပြည်၏နိုင်ငံရေးကိုထိန်းချုပ်နိုင်ရန်ပင်ဖြစ်သည်။ CPV သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဆိုရှယ်လစ်အာဏာဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ချိတက်ရန်အတွက် CPC ၏လုပ်ဆောင်ချက်ကို နည်းနာယူကာဆောင်ရွက်လျက်ရှိသည်။

CPV ခေါင်းဆောင်များသည် အနောက်တိုင်းလိုလားသည့်အုပ်စု သို့တည်းမဟုတ် နိုင်ငံရေးအရှိန်အဝါရှိသည့်အုပ်စုဟူ၍ ကွဲပြားနေမှုနှင့်စပ်လျဉ်း၍ ပါတီခေါင်းဆောင် ငုယင်ဖုထရောင်းအနေဖြင့် ပါတီ၏အတွေးအခေါ်နှင့် ဝါဒသိက္ခာတို့အပေါ် စိုးရိမ်မကင်းဖြစ်လာခဲ့သည်။ ထရောင်းအနေဖြင့် ပါတီအတွင်း နိုင်ငံရေးကွန်ရက် ထူထောင်နေမှုကိုလည်း စိုးရိမ်မကင်းဖြစ်လာခဲ့သည်။

ဗီယက်နမ်သမ္မတ ငုယင်စွမ်းဖုသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ထောက်ခံအားပေးရာတွင်နာမည်ကောင်းရရှိခဲ့သဖြင့် အနောက်တိုင်းအတွေးအခေါ်ကို အခြေခံသူဟုပင် ရှုမြင်ခံရသည်။ အာဏာရကွန်မြူနစ်ပါတီအတွင်း၌ ၎င်းကို နိုင်ငံရေးအရှိန်အဝါအရှိဆုံး ပုဂ္ဂိုလ်ဟုလည်း ရှုမြင်ခံရသည်။ ၎င်းသည် တာဝန်ထမ်းဆောင်စဉ်ကာလတွင်း အနောက်တိုင်းအရင်းရှင်များနှင့် ဆက်ဆံရေးတိုးမြှင့်ထူထောင်ခဲ့သည်။ အစိုးရအဖွဲ့အပြောင်းအလဲပြုလုပ်ခြင်းသည် တိုင်းပြည်၏လုံခြုံရေးဆိုင်ရာလူတန်းစားအတွက် အာဏာခိုင်မြဲအောင် တည်ဆောက်နေခြင်းပင်ဖြစ်သည်။

အနောက်အုပ်စုနှင့် ဗီယမ်နမ်၏ စီးပွားရေးလုပ်ငန်းနှင့် နိုင်ငံရေးဆိုင်ရာ ဆက်ဆံရေးတို့သည် မကြာသေးမီအချိန်ကာလအတွင်း သိသိသာသာတိုးတက်လာခဲ့သော်လည်း CPV ကမူ အနောက်နိုင်ငံများ၏ ရည်ရွယ်ချက်များအပေါ် သံသယဝင်လျက်ရှိသည်။ အနောက်တိုင်း ဒီမိုကရေစီနိုင်ငံများသည် တစ်ပါတီအုပ်ချုပ်သောနိုင်ငံတွင် အစိုးရအဖွဲ့ပြောင်းလဲရန်ရည်ရွယ်ကာ အစိုးရအနေဖြင့်လူ့အခွင့်အရေးချိုးဖောက်မှုရှိနေကြောင်း နိုင်ငံတကာအဖွဲ့အစည်းများကို အထင်အမြင်လွဲမှားအောင်လုပ်ဆောင်နေမှုများအပေါ် CPV ပါတီဝင်များက စိုးရိမ်ပူပန်လျက်ရှိသည်။ ထို့ပြင် ဗီယက်နမ်လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများသည် အနောက်တိုင်းဒီမိုကရေစီနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအပေါ် စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။

လေ့လာသုံးသပ်သူများကမူ ဗီယက်နမ်ခေါင်းဆောင်များသည် အာဏာတည်မြဲရေးအတွက် CPC ကို အရင်းနှီးဆုံးမိတ်ဆွေအဖြစ်သဘောထားပြီး အမေရိကန်နှင့်ခပ်ခွာခွာနေလျက်ရှိသည်။ အနောက်အုပ်စုကို CPV အတွင်းအုပ်စုကွဲအောင် ကွန်ရက်တည်ဆောက်နေသည်ဟု ရှုမြင်ထားသည်။ တရုတ်နိုင်ငံနှင့် အတွေးအခေါ်ပိုင်းဆိုင်ရာ နီးစပ်သည်ဟု ရှုမြင်ထားသဖြင့် တရုတ်-ဗီယက်နမ်ဆက်ဆံရေးသည် တိုးတက်ကောင်းမွန်လျက်ရှိသည်။

ဗီယက်နမ်သမ္မတ ငုယင်စွမ်းဖုသည် အမေရိကန်နှင့် ဆက်ဆံရေးတိုးတက်အောင် ဆောင်ရွက်ခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံ ဒါ့ဗို့စ်မြို့၌ပြုလုပ်သော ကမ္ဘာ့စီးပွားရေးဖိုရမ်များသို့ ပုံမှန်တက်ရောက်ကာ အနောက်နိုင်ငံများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မည်သို့ပင်ဆိုစေ ပါတီခေါင်းဆောင် ငုယင်ဖုထရောင်း၏ဦးဆောင်မှုအောက်တွင် ဗီယက်နမ်၏ စီးပွားရေးဆိုင်ရာမူဝါဒသည် ပြုပြင်ပြောင်းလဲသွားဖွယ်ရာမရှိပေ။

ဗီယက်နမ်သမ္မတ ငုယင်စွမ်းဖုကိုရာထူးမှအနားယူခွင့်ပေးခြင်းသည် လက်တွေ့ဆန်လျက်ရှိသည်။ CPV ခေါင်းဆောင်ပိုင်းသည် စီးပွားရေးလုပ်ငန်းများနှင့် တိုက်ရိုက်ပါဝင်ပတ်သက်သူများကို ယုံကြည်မှုမရှိသည့်အပြင် အဂတိလိုက်စားမှုသည် ပါတီ၏ဂုဏ်သိက္ခာနှင့် တရားဝင်ရပ်တည်မှုကို ခြိမ်းခြောက်လျက်ရှိသည်ဟု ရှုမြင်ထားရှိသည်။

ဆိုရလျှင်ဗီယက်နမ်၏ နိုင်ငံရေးသည်ခန့်မှန်းရန်ခက်ခဲသည်။ ကွန်မြူနစ်ပါတီသည် ဆုံးဖြတ်ချက်များကို တံခါးပိတ်၍ချမှတ်လေ့ရှိသည်။ ယခင်နှစ်ပါတီကွန်ဂရက်တွင် တတိယအကြိမ်မြောက်ရွေးချယ်ခံခဲ့ရသော ပါတီခေါင်းဆောင် ငုယင်ဖုထရောင်းသည် သဘောထားတင်းမာသူဖြစ်ပြီး အနောက်တိုင်းလိုလားသူများနှင့် စီးပွားရေးလုပ်ငန်းထောက်ခံသူ ဝါရင့်အရာရှိကြီးများကို ရာထူးမှဖယ်ရှားခြင်းအားဖြင့် ၎င်း၏အာဏာခိုင်မြဲအောင် တည်ဆောက်လျက်ရှိသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဟု အမည်နာမတပ်ထားသော်လည်း အမှန်တကယ်မှာမူ ပါတီထိပ်ပိုင်းတွင် အာဏာတည်ဆောက်ခြင်းသာဖြစ်သည်ဟုဆိုသည်။ ငုယင်ဖုထရောင်းသည် ယခင်နှစ်အောက်တိုဘာလအတွင်း တရုတ်နိုင်ငံ ခရီးစဉ်အပြန်တွင် အနောက်နိုင်ငံများနှင့်ဆက်ဆံရေးကို ပြန်လည်သုံးသပ်ခဲ့သည်။ အဆိုပါခရီးစဉ်အတွင်း ထရောင်းနှင့် ရှီကျင့်ဖျင်တို့သည် ခေတ်သစ်ကာလတွင် ပြီးပြည့်စုံသော မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကို ပိုမိုတိုးမြှင့်သွားရန် အခိုင်အမာဆုံးဖြတ်ခဲ့ကြသည်။

**ကိုးကား**

- **Vietnam seems a shared future more with China than US by Asia Times.**

# ပန်းတနော်မြို့နယ် ဘုရားကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပန်းတနော် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီရောက်ရှိစေရန် ရည်ရွယ်၍ ဘုရားကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မအူပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးနှင့် တာဝန်ရှိသူများသည် လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး မအူပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်က လုပ်ငန်းများအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး အလေးထား ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ဘုရားကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်ပေ ၃၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၇ ဒသမ ၅၁ သန်းဖြင့် တင်ဒါအောင်မြင်သော ဝိသကြုံကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်းက စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာရှိ လယ်ယာမြေဧက ၁၀၀ ကျော်မှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့အချိန်မီရောက်ရှိတော့မည်ဖြစ်ကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးက ပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## Cope North 23 ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အမေရိကန်နိုင်ငံ ဂူအမ်မြို့တွင်ပြုလုပ်



ဩစတြေးလျ၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှလေတပ်တပ်ဖွဲ့များသည် ဖေဖော်ဝါရီ ၈ ရက်မှ ၂၄ ရက်ထိ အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံပြုလုပ်သည့် Cope North 23 ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွက် ဂူအမ်မြို့သို့ရောက်ရှိနေပြီး နိုင်ငံစုံကြီးကြပ်ကွပ်ကဲရေးဌာနချုပ်အဖွဲ့တစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ် ထားကြောင်း အမေရိကန်နိုင်ငံ ပစိဖိတ်လေတပ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

Cope North 23 စစ်ရေးလေ့ကျင့်မှုသည် တပ်ဖွဲ့အင်အားအများအပြားတပ်ဖြန့်နေရာယူခြင်း၊ လှုပ်ရှားစစ်ကစားမှုမြင့်မားစွာတိုက်ပွဲဝင်တပ်ဖြန့်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့်သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး လေ့ကျင့်မှုများအတွက် သုံးနိုင်ငံ လေကြောင်းပေါင်းစည်းလုပ်ဆောင်နိုင်မှုကို အာရုံစိုက်ထားသည့် လက်တွေ့ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဩစတြေးလျတော်ဝင်လေတပ်၊ ဗြိတိသျှ၊ အာကာသတပ်ဖွဲ့၊ ဂျပန်လေတပ် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တို့မှ ပေါင်းစပ်တပ်ဖွဲ့ဝင်အင်အား ၁၀၀၀ ဖြင့် သင်္ဘောသား၊ လေတပ်သားနှင့် ရေတပ်သား ၁၀၀၀ ခန့် ပါဝင်လေ့ကျင့်ပြုလုပ်သွားကြမည်ဖြစ်သည်။

အဆိုပါကွပ်ကဲမှုတစ်ခုတည်းအောက်မှ ပေါင်းစည်းလုပ်ဆောင်ကြမည့် ပူးတွဲလေကြောင်းလေ့ကျင့်မှုများကို ကျွန်းခုနစ်ကျွန်းနှင့် လေယာဉ်ကွင်း ၁၀ ခုတွင် လေယာဉ်အစင်း ၁၀၀၊ ခေါက်ရေ အမျိုးအစားပေါင်း ၁၂၀၀ ခန့်ပျံသန်းရန် စီစဉ်ထားကြောင်း သိရသည်။

Cope North 23 လေ့ကျင့်မှုကို ၁၉၇၈ ခုနှစ်တွင် ဂျပန်နိုင်ငံ မီဆာဝါ လေတပ်စခန်းတွင် သုံးလတစ်ကြိမ်ပြုလုပ်သည့် နှစ်နိုင်ငံစစ်ရေးလေ့ကျင့်မှုအဖြစ် စတင်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် Andersen လေတပ်စခန်းသို့ ပြောင်းရွှေ့လုပ်ဆောင်ခဲ့ပြီး အမေရိကန်ပစိဖိတ်လေတပ်က ကြီးမှူးကျင်းပသော အကြီးဆုံးနိုင်ငံပေါင်းစုံ စစ်ရေးလေ့ကျင့်မှုတစ်ရပ်ဖြစ်လာခဲ့သည်။

Cope North 23 အတွက် စစ်ဆင်ရေးများကို Andersen လေတပ်အခြေစိုက်စခန်း၊ ဂူအမ်ရှိ Won Pat အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် Northwest Field စစ်ရေးလေ့ကျင့်ရေးကွင်း၊ ဂျပန်နိုင်ငံ Iwo To ကျွန်း၊ မိုက်ခရိုနီးရှားဖက်ဒရယ်ပြည်ထောင်စုရှိ Yap၊ Rota၊ Tinian နှင့် Saipan အပါအဝင် ဓနသဟာယနိုင်ငံမြောက်မာရီယာနာကျွန်းများနှင့် Palau သမ္မတနိုင်ငံတို့တွင် ပြုလုပ်လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်ပတ်ကျော်ကြာ စစ်ရေးလေ့ကျင့်မှုတွင် သုံးနိုင်ငံစစ်ဆင်ရေးစီမံကိန်း ရေးဆွဲခြင်းနှင့် စစ်ရေးသုံးသပ်ခြင်း၊ တပ်ဖွဲ့များကြား ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် လူစုခွဲ၍ နေရာဒေသမရွေး စွမ်းဆောင်ရည်များမြှင့်တင်ခြင်း၊ အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေး၊ သယ်ယူရွှေ့ပြောင်းရေး၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး စသည့်လေ့ကျင့်မှုများအပေါ် အာရုံစိုက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**US to Lead Multinational Cope North 23 Exercise in Guam ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းစစ်ဘက်အတွက် ငွေကြေးပံ့ပိုးမှုကိုရပ်တန့်ပစ်ရန် အမေရိကန်အောက်လွှတ်တော်အမတ်ပြောကြား

အမေရိကန်က ယူကရိန်းစစ်ဘက်ခိုင်မာအားကောင်းစေရန်အတွက် အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာပေးပို့နေခြင်းကိုရပ်တန့်ပစ်ရမည်ဟု ရီပတ်ဘလီကန်အောက်လွှတ်တော်အမတ် Matt Gaetz က အောက်လွှတ်တော်တွင် ဖေဖော်ဝါရီ ၆ ရက်က မိန့်ခွန်းပြောကြားခဲ့သည်။

ယူကရိန်းပဋိပက္ခသည် စစ်ဘက်ဆိုင်ရာကန်ထရိုက်တာများကိုသာ အကျိုးရှိစေသည်ဟုဆိုလျက် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် ပါတီနှစ်ရပ်စလုံးကို ၎င်းက ပြစ်တင်ရှုတ်ချခဲ့သည်။

"ပြည်ထောင်စုနိုင်ငံတော် အခြေပြမိန့်ခွန်းမှာ သမ္မတဂျိုးဘိုင်ဒင်က ယူကရိန်းအတွက် နောက်ထပ်ဘယ်လောက်လုပ်ရမယ်ဆိုတာပြောပြလိမ့်မယ်"ဟု Gaetz က ပြောကြားခဲ့ပြီး ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများသည် အမေရိကန်စစ်ဘက်ဆိုင်ရာကန်ထရိုက်လုပ်ငန်းများ၏ ငွေကြေးများကိုသာ ဖြည့်ဆည်းပေးနေလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"စစ်ဘက်ဆိုင်ရာကန်ထရိုက်တာတွေက တစ်နေရာရာမှာ ပဋိပက္ခဖြစ်ဖို့လိုတယ်။ လက်နက်တွေဟာ ISIS၊ တာလီဘန်၊ Azov တပ်ရင်းတွေ ဒါမှမဟုတ် မှောင်ခိုဈေးကွက်မှာ အဆုံးသတ်သွားနိုင်တယ်"ဟု Gaetz က သုံးသပ်ပြောကြားထားသည်။

အမေရိကန်သည် ယူကရိန်းကို စစ်လက်နက်များပံ့ပိုးကူညီမှုသည် ပဋိပက္ခကို အဆုံးသတ်မည်မဟုတ်သော်လည်း အချင်းချင်းသတ်ဖြတ်မှုကို တာရှည်စေလိမ့်မည် ဟု ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

အမြော်အမြင်ရှိသည့် နိုင်ငံတစ်နိုင်ငံဆိုသည်မှာ နိုင်ငံခြားက အကျိုးစီးပွားများသို့မဟုတ် အမိမြေအတွက် အထူးအကျိုးစီးပွားများကို နိုင်ငံခြားရေးမူဝါဒတစ်ရပ်အဖြစ် မည်သည့်အခါမျှ ချမှတ်လေ့မရှိကြောင်း၊ Sinaloa တောင်တန်းများမှစားပြများသည် ကရိုင်းမီးယားရှိ ရုရှားအမျိုးသားများထက် အမေရိကန်များကို ပိုမိုဒုက္ခပေးနိုင်သည်ဟု Gaetz က ပြောကြားခဲ့ပြီး အမေရိကန်များအတွက် ပဋိပက္ခ၏အကျိုးကျေးဇူးများမှာ ရှင်းလင်းစွာမသိရသေးကြောင်း ပြောကြားခဲ့သည်။

ရုရှားနှင့်နေတိုးကြားစစ်ပွဲဖြစ်ပွားရန် တတ်နိုင်သမျှလုပ်ဆောင်နေသည့်ပုံမျိုးဖြစ်ကြောင်း ဂျိုးဘိုင်ဒင်ကိုစွပ်စွဲခဲ့ပြီး သံခင်းတမန်ခင်းအားဖြင့် အဖြေရှာရန် အိမ်ဖြူတော်ကို တောင်းဆိုခဲ့သည်။

ဇန်နဝါရီလနှောင်းပိုင်းတွင် ယူကရိန်းနိုင်ငံအတွက် အမေရိကန်ထုတ် M1 Abrams တင့်ကား ၃၁ စီးကို ဂျိုးဘိုင်ဒင်က ပေးအပ်သွားမည်ဟု ကတိပြုခဲ့သော်လည်း F-16 တိုက်လေယာဉ်များ ပေးပို့သွားဦးမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

စစ်လေယာဉ်ထုတ်လုပ်သူ Lockheed Martin အနေဖြင့် မကြာမီတွင် ယူကရိန်းနိုင်ငံသို့ဂျက်တိုက်လေယာဉ်များကိုတတိယအဖွဲ့အစည်းမှတစ်ဆင့် လွှဲပြောင်းမှုများဖြစ်ပေါ်လာနိုင်သည်ဟု မျှော်မှန်းထားကြောင်း Gaetz က မှတ်ချက်ပြုခဲ့သည်။



တင့်ကားများလွှဲပြောင်း၊ ပို့ဆောင်ခြင်းနှင့်ပတ်သက်၍ မေးမြန်းရာတွင် Kremlin ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က ပဋိပက္ခဇုန်ရှိ အခြားလက်နက်များကဲ့သို့ မီးရှို့ဖျက်ဆီးပစ်မည်ဟု ဇန်နဝါရီလက ပြောကြားခဲ့သည်။

**US congressman calls to end funding for Kiev's army ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းစစ်ဘက်၏ အကျအဆုံး၊ ဆုံးရှုံးမှုဆိုင်ရာသတင်းများကို ရုရှားပြောကြား



ယူကရိန်းနိုင်ငံအတွက် အနောက်နိုင်ငံများ၏စစ်ရေးအကူအညီသည် ယူကရိန်းတပ်ဖွဲ့များ၏ဆုံးရှုံးမှုများကို တားဆီး၊ ကာကွယ်နိုင်ရန်မစွမ်းသာခဲ့ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီး Sergey Shoigu က ဖေဖော်ဝါရီ ၇ ရက်က ကာကွယ်ရေးဝန်ကြီးဌာန၏ အစည်းအဝေးတစ်ရပ်၌ ပြောကြားခဲ့သည်။

"ဒီနှစ်ရဲ့ ပထမလမှာတင် ယူကရိန်းတပ်ဖွဲ့ဝင် ၆၅၀၀ ကျော်၊ လေယာဉ် ၂၆ စင်း၊ ရဟတ်ယာဉ် ခုနစ်စင်း၊ ဒရုန်း ၂၀၈ စင်း၊ တင့်ကားနဲ့ အခြားသံချပ်ကာတိုက်ခိုက်ရေးယာဉ် ၃၄၁ စီး၊ အတွဲလိုက်ပစ်ဒုံးကျည်စနစ်မျိုးစုံပါတဲ့ တိုက်ခိုက်ရေးယာဉ် ၄၀ ကျော်ဆုံးရှုံးခဲ့ပါတယ်။ အဲဒီလိုဆုံးရှုံးမှုတွေနဲ့ ရုရှားကို စစ်ရေးအရ အနိုင်ယူလို့မရဘူးဆိုတာသဘောပေါက်ပြီး ယူကရိန်းအာဏာပိုင်တွေဟာ ရုရှားနိုင်ငံထဲ အသစ်ဝင်ရောက်လာတဲ့ နယ်မြေသစ်တွေမှာ အရပ်သားတွေကို အကြမ်းဖက်တိုက်ခိုက်ဖို့ရည်ရွယ်တဲ့ ရာဇဝတ်မှုဆိုင်ရာလုပ်ရပ်တွေကို ဆက်လက်လုပ်ဆောင်နေပါတယ်" ဟု Shoigu က ပြောကြားခဲ့သည်။

ယူကရိန်းစစ်ဘက်သည် လူနေရပ်ကွက်များ၊ ဆေးရုံများနှင့် အရပ်သားများစုဝေးရာနေရာများကို တိုက်ခိုက်ကာ နိုင်ငံ၏လူမှုရေးဆိုင်ရာ အဆောက်အအုံများတွင် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့ကြောင်း၊ ၎င်းလုပ်ရပ်များသည် ယူကရိန်းအာဏာပိုင်များ၏ ရိုင်းစိုင်းသောသဘောသဘာဝ၏ သက်သေအထောက်အထားဖြစ်ကြောင်း Shoigu က ပြောကြားခဲ့သည်။

ဇန်နဝါရီလအစောပိုင်းတွင် ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီရန် ယူကရိန်းဘက်က ငြင်းဆန်ခဲ့ပြီး ခရစ္စမတ်ကာလအတွင်း အရပ်သားပစ်မှတ်များကို ဆက်လက်ပစ်ခတ်ခဲ့ကြောင်း Shoigu က မှတ်ချက်ပြုခဲ့သည်။ ထိုကာလအတွင်း ယူကရိန်းတပ်ဖွဲ့များသည် အမြောက်ကျည် ၅၀၀ ကျော်ဖြင့် အရပ်ဘက်လူနေအဆောက်အအုံပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အမေရိကန်နှင့် ၎င်း၏မဟာမိတ်များက ပဋိပက္ခကိုရှည်ကြာအောင် ဆက်လက်ကြိုးပမ်းနေသော်လည်း ရုရှားတပ်ဖွဲ့များသည် Donetsk နှင့် Zaporozhye ဒေသတို့ရှိ ကျေးရွာ၊ ရပ်ကွက် အများအပြားကို အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**Moscow provides update on Ukrainian losses ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing gives guidance on SAC's Roadmap


Senior General Min Aung Hlaing gives guidance on SAC's Roadmap.

**Nay Pyi Taw February 9**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing gave guidance on SAC's Roadmap at a meeting held at SAC Chairman's Office here this morning.

Present at the meeting were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, the SAC Secretary, the SAC Joint Secretary, SAC members and Union ministers. The Nay Pyi Taw Council chairman, chief ministers of regions and states and chairmen of self-administered division/zones took part in the meeting through video conferencing.

**Adoption of five-point Roadmap**

In his guidance, the Senior General said it was the first meeting held for the officials to review the national development undertakings and to strive for their success during the extended period.

As regards the first point "**An emphasis will be placed on peace and stability and the full prevalence of law and order throughout the Union to ensure the safety of the socioeconomic life of the people**" of the five points of the Roadmap, the government in office started to assume State duties in February after declaring the State of emergence in accord with the 2008 Constitution. There were disturbances in the initial period, and later, disturbances turned into violence and armed terrorism because of political disagreements and instigation. Democracies allowed lawful demonstrations. But when the demonstrations turn violent the government has to control the situation in accord with the law. Terrorists intentionally launched attacks on innocent people, administrative buildings, private businesses, civil servants and people of religious order. At that time hardline rioters were picked, the PDF terrorist group was formed, and acts to launch armed attacks against the State appeared. The involvement of some EAOs in this incident was found. Seized arms and ammunition included the ones used by EAOs as well as the weapons of foreign countries that entered the country illegally through the border. The goal of PDF is to destroy peace and stability of the State. Tatmadaw is launching military operations in areas declared war zones and phase-by-phase anti-terrorism operations in accord with the law in non-war zones. Martial Law was declared only in the areas that are difficult to control. Thanks to those undertakings, terrorist attacks began to drop significantly in April 2022. Security forces are trying to end terrorism.

A small degree of terrorism reappeared in the early 2023. Terrorists were destroying or torching relevant organizations, departmental buildings and papers, blowing up bombs and threatening and killing civil servants and volunteers with the intention of ruining the preparations for holding the election in accord with the Roadmap. The government held the National Defence and Security Council meeting 1/2023, reported to the Pro Tem President on its undertakings during the emergency period and the remaining requirements for national peace and stability. Hence, the emergency period is extended for another six months. The emergency period is extended as the country needs peace and stability.

A large extent of State-owned and private property was destroyed due to terrorism. The number of major damages alone exceeded 4900. The number of grenade, mine and home-made bombs exceeded 8500, that of attacks exceeded 9700, and that of arson attacks exceeded 1230. During the incidents, a large hoard of arms and ammunition including over 17,690 guns, over 27,200 mines and bombs were seized from terrorists. The seized arms and ammunition included the ones from EAOs and foreign countries. PDF terrorist attacks killed or wounded monks and innocent people. They blew up railroads, bridges and communication towers which were used by the public.

The expenditure of the State to rebuild terrorist-destroyed public facilities is a loss for the State. All must understand that it is not only the loss of government. It is the loss of the national economy. In fact, terrorists are trying to install democracy through violent means. The concept of EAOs and the belief and concept of terrorist groups are different. Majority of EAOS are signatories to NCA. The groups that appeared after 2021 were based on the disagreements on democracy. No democratic government tolerates armed terrorism. Those who are committing terrorist acts should understand democracy.

As effective action against terrorism during the second State of emergence period, martial law was imposed on crucial townships to alleviate terrorism. Martial law is only for those who commit crimes, and is unrelated to people. People can enjoy freedom of movement in accord with the rules. It is assumed that peace and stability in those areas will improve to a certain degree during the coming six months.

The second-term government manipulated the law, and it was rather dangerous for the State. In this regard, the Tatmadaw had to act as a mediator to restore the situation. To ensure fairness and rightness it has struck a balance between the military and civilians in assigning duties and acted according to the law.

It is implementing the tasks with civilian bodies in accord with democracy. According to the 2008 Constitution, 75% of Hluttaw seats are for civilians and only 25 for the military. Presentations of Tatmadaw member MPs in the previous hluttaws, and the guidance for Tatmadaw members and families and speeches given by the Senior General and high level military officers clearly illustrate the Tatmadaw's stand in connection with the nation and democracy.

Tatmadaw's conviction is to act as a Guardian to protect the country in enabling it to stand firmly on the path to multiparty democracy. Its continuous mission is to ensure peace, stability and security. It also takes into account the Roadmap in carrying out the mission. In accord with the previous Roadmap, UEC was reconstituted, election results were scrutinized and action taken against wrong doers. During the process action was also taken against corruption cases.

The government's undertakings in connection with Covid-19 were presented at the NDSC meeting. Infection rate has drastically fallen, and the disease can be controlled to a certain degree. But all must always be aware of the disease. Thanks to the efforts exerted amidst the many difficulties during the two-year period, the economy has developed to a certain degree. There were conspiracies to break down the banking system with the intention of drawing the country into an economic downturn while the government was discharging State duties. Hence, it took measures to protect the banking system from collapsing.

With regard to trade, outbreak of Covid-19 caused decline of trade in 2021 and harmed domestic manufacturing. As the government enhanced the domestic economy, the country did not face food deficiency but high prices of goods similar to other countries. In 2021, the country did not get loans borrowed by previous government and new projects later. Although the country faced economic crisis in 2021, border trade was resumed in 2022 to some extent due to high production. So, manufacturing resumed and State economy increased to some +3 per cent from the minute status. As the country is blessed with natural resources, it operates manufacturing. Due to controlling infection of Covid-19 and operating manufacturing, the country enjoys resurgence of State economy. In coming year, it is believable that the State economy will gain greater progress. In meeting with manufacturers from regions and states, I heard reports on progress of their businesses. So also, it is firmly believed that agricultural tasks through the State economic promotion fund will have achievement.

While striving for ensuring peace and stability of the nation, it is necessary to strive for development of the country. To stand a country, it requires internal and international strengths. All countries across the world are always trying hard to develop themselves. So, Myanmar has to make efforts for marching forward. In accord with the motto Keep Moving Forward to Achieve Our Goal, efforts must be made for marching to the goals. If so, the country will reach the goals as aspires to. In so doing, enhancement of the State economy is the best. The country is blessed with natural resources for successfully operating the agriculture and livestock farms.

*See Page 13*

*From Page 12*

If the per-acre yield of paddy improves, the country will have local food sufficiency and sell surplus to foreign countries, benefiting the State as well as increase income of the farmers for improving their socio-economic life. Improvement of socio-economic life will contribute to better money circulation in the region and regional development and then improvement of State economy. Hence, an emphasis must be placed on per-acre yield of crops. Such high yield of crops in agriculture sector can be dubbed as great success. In the world, all face requirements in consumption. Agricultural produce of the nation must be exported to foreign market. Achieving success in agricultural tasks will support the development of State economy, so the government needs to strive for securing the success.

Concerning the prosperity and food sufficiency of the nation, the Prime Minister said: **"As for the second point "People-centred development work that enhances socioeconocmi well-being will be undertaken to ensure the country's prosperity and food sufficiency", all need to boom the economy. All regions and states manufacture agricultural produce and livestock products. All districts in Ayeyawady Region can produce these products. I would like to give guidance that if we slightly push it, it will change the situation of our country. If so, the country will have prosperity. It is because as the people have income, their socio-economic life will improve. It is dead sure. Anyone cannot accept harming their socio-economic life. They will go to the good approach but bad one. The best safeguarding the nation is to improve the economy. We have to do so. So, I insert such things into the second point. The 2022-2023 financial year will end in coming March. Our efforts are included in the financial year. So, we have to accelerate enhancement of the businesses. In so doing, we have to possess transport system contributing to the businesses. We have to improve the roads without fail. So, I set plans to upgrade roads in coming financial year."**

The Prime Minister continued to say that the country still requires needs for school learning. More than a half of the total population of the nation is under the basic education middle level. As people are weak in education, they have lesser job opportunities, facing lower socio-economic life. Moreover, they may be weak in critical thinking and rationality. In the political changes which happened in 2021-22, their weak points were applied and many persons led to the wrong way due to instigations of internal and international organizations and EAOs. So, it is necessary to uplift education standard without fail. Examinations will start soon, and matriculation examination will complete in coming March. Although it can be said that this academic year's learning process smoothly completed, it can be seen that school attending rate could not met the target. Students in the some areas missed learning opportunities due to threats of terrorists and other reasons. In coming academic year, the government will strive for opening all schools across the nation. To do so, martial law orders were declared in some areas. Only when the government strictly tackles disciplines, will school age children not miss learning opportunities. The government is solving the difficulties of education staff as much as possible. As student numbers will increase in coming academic year, the government will take peaceful learning for all.

In the health sector, although infection rate of Covid-19 declines, all should not take careless for living and they all need to follow the restrictions of the pandemic. Although neighbouring countries face decline of infection rate of the disease, Myanmar people need to take care for living. Moreover, everybody needs to take healthy activities for their health and fitness with consumption for sufficient nutrition. Lifestyle of lack of healthy activities can harm their health conditions and face loss in learning and loss of labour. So, it is necessary to raise healthcare services for all. If so, the people will have right man and right place, and human resources can be effectively applied. So, the government will strive for betterment of economy, transport, education and health conditions. Primarily, it is necessary to remarkably improve agriculture and livestock farms. In doing agricultural tasks, it is necessary to focus on quality strains of crops, fertile soil, sufficient supply of water, and systematic agricultural techniques. On the trip to Ayeyawady Region, the Prime Minister instructed officials to increase per-acre yield of crops, seek market share and improve quality. Cooking oil was imported by spending some US$700 million per year. If import of cooking oil can be reduced, local oil mills will operate more. During the trips to regions and states, businesspersons reported on extended operation of oil mills in modern techniques. The State economic promotion fund allotted capitals to the oil mills. If businesspersons strive for production to meet the target, their efforts will help ensure local oil sufficiency and have surplus volume. The government targets to ensure oil sufficiency in 2024.

If cultivation of oil crops can be expanded and crop yields can be boosted, sufficiency of edible oil can be achieved in the domestic market and edible oil imports can be reduced. Although oil cannot be produced from a seed of sesame, success can be achieved by concerted efforts of all. Efforts must be made to turn the country from an importer into exporter of edible oil after producing sufficient cooking oil for domestic consumption.

Moreover, it can be seen that pulses and beans production in the country is still low. Myanmar is the second largest pulses and bean exporter and the demand for pulses and beans in the world is very high. As the market has been secured, efforts must be made to boost yields of pulses and beans. Revenues for the country will increase by successfully boosting yields of pulses and beans. It was found that modern fish breeding is being carried out scientifically and it is a livestock breeding task that brings about a lot of benefits for the country. As technologies have been acquired, if fish breeding can be expanded in other states and regions based on the market, a lot of revenues can be generated by fish breeding in the meat and fish sector. As excessive fishing can deplete natural fishery resources, the government does not support excessive fishing and has encouraged modern and systematic fish breeding.

In breeding cattle, beef cattle breeding and dairy cattle breeding are being carried out. The country has to import milk and dairy products worth almost US$ 100 million annually. If milk and dairy products can be produced sufficiently at home, foreign exchange spending can be reduced. It is necessary to encourage systematic livestock breeding instead of traditional livestock breeding.

The third task of the five future tasks is, **"The process of strengthening the genuine and disciplined multi-party democracy system and building a union based on democracy and federal system will be implemented."** The government is implementing the multi-party democracy system in accordance with the constitution and the Tatmadaw is responsible for safeguarding the constitution. When the constitution was approved, 92.48 percent of eligible voters supported and approved the constitution. The Tatmadaw has already accepted that necessary amendments must be made to the constitution to be compatible with the current situation. As it is necessary to move forward to the union based on democracy and a federal system which is compatible with the country by amending what should be amended in the constitution, the parliamentary system must be implemented without fail. As political parties are required to be reformed, the political parties registration law was enacted last month. Those who really want to engage in politics will be able to take part in political activities. In the 1990 election, political parties were allowed to be formed loosely in order to create chances for them. During the period after 1962, one party system was adopted and there were differences between communist groups and democracy groups. The party adopted the Burmese way of socialism. Those who could not accept the system did not have a political outlet because of the law protecting the one party system. As one party system was adopted in the 1974 constitution. During the 1988 pro-democracy movement, there were calls for democratic rights and the constitution became null and void. As the Tatmadaw was paving the way for the multi-party democracy system, political parties were allowed to be formed as many as possible and mandates were given in the 1990 election. The SAC discussed the issue at its meetings. As there were too many political parties, those with a few number of party members had to operate in narrow spaces and could receive fewer chances.

Therefore, there were discussions that mass participation is essential for political parties and the law amending the political parties registration law was enacted. In politics, there must be many political enthusiasts and political objectives must be actually implemented. Political objectives of political parties are ideologies and concepts to shape the country. It is necessary to participate in the parliamentary system to implement the objectives. As it is impossible to do so if there are too many small political parties, it can be assumed that it is better for the country if there are political parties with strong leadership. Therefore, the situation had to be handled by enacting the political parties registration law. Existing political parties are required to re-register within 60 day and they will cease to exist spontaneously if they fail to do so. New political parties are also required to register and it was found that political parties are being registered. Political parties will be allowed to carry out their activities in accordance with the law. After forming political parties, they are required to make preparations for elections. All these measures must be taken without fail.

The fourth task of the future tasks stipulates that **"Efforts will be made to achieve eternal peace in the entire country in accordance with the provisions of the Nationwide Ceasefire Agreement as much as possible"**. In implementing democracy, peace is indispensable. It can be seen that progress has been hindered in countries where democracy is terrorized. Moreover, countries where political power is cemented in the guise of democracy are encountering difficulties. Efforts are being exerted to overcome such difficulties and maintain stability. Only when the country is stable, measures for development of education, health and economy can be implemented. Therefore, offers for peace talks have been made. The Tatmadaw has never launched attacks on outposts of EAOs that have been officially recognized. Honesty is essential for peace. As the consequences of divide-and-rule policy under colonialists, the country has been suffering from a lack of peace until now and faced difficulties in implementing national development. It is necessary to take part in negotiations magnanimously and to seek solutions for what is possible and what should be for the country through thorough negotiations. All national races are entitled to equal rights and it is necessary to carry out tasks in the interests of the country and the union without making impossible demands. Therefore, the government will exert efforts for peace at its best. In accordance with the fourth task of the future tasks, the government will exert efforts for peace at its best. It is necessary for EAOs and political organizations to take part in negotiations objectively in the interests of the union.

The last task of the future tasks stipulates that **"Measures will be taken to hold a free and fair multi-party democracy general election and transfer state power to the winning party in accordance with the 2008 constitution after provisions of the state of emergency have been implemented."** The Tatmadaw had to declare a state of emergency due to irregularities in the elections. *See Page 14*

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends Meeting 2/2023 of the Union Government and delivers speech



Senior General Min Aung Hlaing addresses Union government meeting 2/2023.

**Nay Pyi Taw February 9**

Meeting 2/2023 of the Union Government was held at the Office of State Administration Council in Nay Pyi Taw this afternoon, and Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attended the meeting and delivered a speech.

The meeting was also attended by Vice-Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and union ministers.

At the meeting, union ministers presented their sector-wise reports respectively.

Afterwards, the Senior General gave concluding remarks saying it is necessary to timely complete tasks to be carried out within the 2022-2023 fiscal year. Regarding the state-run businesses, there are some businesses having no balance in earnings and expenses. Therefore, it is to make a balance in earnings and expenses. Some state-owned businesses had to be suspended due to mismanagement in the time of the previous government. Despite no operation, some businesses have to pay salaries and spend much on maintenance.

As the suspended factories cause losses for the nation, tasks are to be taken to resume those factories. In doing so, it is necessary to properly take tasks without having unnecessary expenses in order to do the tasks the best at a minimum cost. Action could be taken against the measures that are not properly taken. Officials who play a leadership role are to know their job and responsibility and give correct guidelines. It is necessary for them to know the given duty according to the policy.

In the coming period, priority will be given to the sectors of transportation, education and health and it is compulsory to ensure development of the electricity sector. Ministries need to make efforts to support the respective sectors concerned. In education, it is to successfully carry out tasks in order that students who passed KG+9 Grade could join vocational training courses. All are to work together to ensure a successful education system.

As regards the future ceremonial events, it is necessary to hold the events in religious and political sectors concerned successfully, effectively and traditionally. It is to preserve tradition so that our culture and religion will not disappear. Ministries need to work together to ensure stability and peace of the nation, rule of law and economic development. The Senior General also gave necessary instructions on the reports.

100

---

*From Page 13*

As the elections held under the previous government are notorious elections, it is necessary for us to take all-round measures to hold prestigious elections. As leaders of the country are elected through elections, it is important to take systematic and correct measures. It can be seen that there were many discrepancies in the voters' lists in the previous elections. It is necessary to compile correct voters' lists and to hold a free and fair election. Efforts must be made to maintain stability, to compile correct voters' lists and to make corrections to household registration forms. Voters' list must be compiled to enable all eligible voters to cast their votes Only then, will the voters' list be correct. There are no such things as elections that are 100-percent correct in the world and there may be slight discrepancies. No country will accept elections in which voters' lists are hugely incorrect. So, efforts must be made to compile correct voters' lists and to enable all eligible voters to cast their votes. Whether voters cast their votes or not is the right of voters and it is the responsibility of the government to guarantee their suffrage.

Since exercising multiparty democracy, our country has held three general elections. The country has 330 townships. Elections were held in 325 townships in 2010, 323 in 2015 and 315 in 2020. The number of the townships that could hold elections has decreased. We should be aware that the effort to seek public desire became weak under the governments supposed to be promoting democracy.

In holding elections also, there must not be any threat, cohesion, unfair persuasion or gang bullying over the desire of individual citizens. Our government is trying to hold elections in all parts of the country and make sure all the citizens are free from injustice. It is not the duty of the commission alone but all have to work hard and cooperate. I want to stress the importance of ensuring a free and fair election.

I have said so as to the continuation of the seven-point roadmap. When it comes to international relations, our country is a member of the United Nations, of ASEAN and of BIMSTEC. Our country exercises an independent, active and non-allied foreign policy. We deal with foreign countries based on the five principles of peaceful co-existence. Myanmar became a further member of ASEAN in 1997.

Regarding our country's issue, there are mistakes in what the international community is saying. Guests arriving occasionally, and officials from international organizations, diplomats and business organizations usually said they were surprised by the fact that the internationally known facts outside Myanmar are different from the prevailing conditions inside. These are based on biased media and diplomats. They need to know the real situation. Our standing is that we will be acting within the ASEAN framework.

As regards the IDP issue in Rakhine State, it has been dealt with throughout successive eras. We have protect our national races as well as our citizens. In our country there are also citizens who are Bengali. And they have given their rights in accord with the law. Moreover, Bengali are living not only in Rakhine State but in other regions of the country. The problem with their re-acceptance is due to illegal immigration. We have said the re-acceptance programme will go in line with the agreements made by both countries. Officials concerned went to Rakhine State recently. We will not refuse over the actions done in accord with the official agreement. If they re-enter our country based on the bilateral agreement, they have access to the rights in accordance with the 1982 citizenship law. This law is not for the IDPs in Rakhine State alone. This applies to all those who are in Myanmar for various reasons. The issue needs to be handled by our government as well as other successive governments to come. We have to act correctly in the interests of our State.


As for electricity supply, Myanmar will still face difficulties. The reason is partly due to the halt to hydropower projects for various reasons. We are now granting permission for hydropower projects. Plans are under way to meet higher power demand by 2025 even if we cannot afford for full supply. The regions and states also need to try to generate electricity under their own plans. As they can produce paddy, they can try to implement solar and wind power energy projects by firing husk. Moreover, electricity consumption should be saved. Public transport system will focus on electricity without fail. Efforts will be made until we can use electric cars successfully. We have seen interest and offers in electric car imports. Global oil price has increased year by year. So it is necessary to increase electricity generation to reduce fuel oil usage. Supervisory teams need to emphasize extensive use of electric vehicles. Currently, charging stations are being built on Yangon-Nay Pyi Taw Expressway and old Highway. Plans are being made to build more on Nay Pyi Taw-Mandalay Expressway, Lashio Road, Mawlamyine Road and in Kayin State. Relevant ministries need to cooperate each other in ensuring that EVs are extensively used. If our government work hard in all aspects, that will benefit our country very much in coming six months.

100

# UEC gives presentation on set-up of Myanmar Electronic Voting Machine (MEVM) to Chairman of State Administration Council Prime Minister Senior General Min Aung Hlaing



Senior General Min Aung Hlaing views presentation on set-up of MEVM.




**Nay Pyi Taw February 9**

The Union Election Commission presented a report on setting up the Myanmar Electronic Voting Machine (MEVM) to Chairman of State Administration Council Prime Minister Senior General Min Aung Hlaing at the Office of Chairman of State Administration Council in Nay Pyi Taw this evening.

The presentation was also attended by Vice-Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, Secretary of the Council Lt-Gen Aung Lin Dway, Joint-Secretary of the Council Lt-Gen Ye Win Oo, Members of the Council General Mya Tun Oo, Admiral Tin Aung San and Lt-Gen Soe Htut, Chairman of Union Election Commission U Thein Soe and officials.

Firstly, an official of UEC gave a presentation on test of setting up MEVM including operation of control unit, balloting unit, verification unit, ballot box and battery, machines installed and used in system, aim of using them, consideration and suggestion, matters to be prepared for producing the machine in large quantity and the needs.

Then, the Senior General and the attendees watched the test run of MEVM. The Senior General also gave necessary instructions. 100



**Senior General Min Aung Hlaing watches test run of MEVM.**

# Land plot, aboveground equipment to be rented in BOT system for cold storage

**Nay Pyi Taw February 9**

The Ministry of Agriculture, Livestock and Irrigation stated that land plot and aboveground equipment will be rented to cold storage to process fish and prawn through BOT system.



The worksite of a fish processing plant.

The Fisheries Department will rent the land plot and related equipment on the plot to businesspersons for operating cold storage to process fish and prawn through BOT system on plot 2/2 in West Gyogon Ward of Insein Township in Yangon Region.

The land plot is 2.75 acres of land with 119,790 square feet. So, the open tenders will be invited to businesspersons for the renting.

Interested persons may buy K10,000 per form and disciplines at the admin section of the Fisheries Department in Nay Pyi Taw from 9.30 am to 3.30 pm during the period from 8 to 14 February.

Tender proposals must be submitted to the department not later than 3.30 pm on 16 February. Tender will be opened at 10 am on 23 February. For further information, dial 067-408474 and 09-254554347. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

**စာမျက်နှာ ၁၇ မှအဆက်**

နှစ်စဉ်ပြည်ပမှ တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင်း၌ အောင်မြင်အောင်ထုတ်လုပ်နိုင်သည့် အခြေအနေများရှိပြီးဖြစ်သဖြင့် နိုင်ငံအတွင်း နို့နှင့်နို့ထွက်ပစ္စည်းလိုအပ်ချက်များကို ပြည့်မီအောင်ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကိုလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မိရိုးဖလာမွေးမြူခြင်းထက် နည်းစနစ်ကျနသည့် မွေးမြူရေးစနစ်ကို ဖော်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း။

ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် တတိယအချက်သည် “**စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်**”ဟူ၍ဖြစ်ကြောင်း၊ မိမိတို့သည် အခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကိုစောင့်ရှောက်ရန် တာဝန်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို မဲပေးသည့်အချိန်တွင် မဲပေးခွင့်ရှိသူများအနက် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း ထောက်ခံမဲပေးခဲ့ပြီး အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ယင်းဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ရှိအခြေအနေနှင့် သင့်လျော်သည့် လိုအပ်သည့်ပြင်ဆင်မှုများဆောင်ရွက်ရမည်ကို မိမိတို့အနေဖြင့် လက်ခံပြီးဖြစ်ကြောင်း၊ ပြင်ဆင်သင့်သည်များကိုပြင်ဆင်ပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကိုသွားရမည်ဖြစ်သဖြင့် လွှတ်တော်လမ်းကြောင်းကို မဖြစ်မနေသွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများပြင်ဆင်ဖွဲ့စည်းရန်လိုအပ်သည့်အတွက် ပြီးခဲ့သည့်လတွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ရန် ဥပဒေကိုလည်း ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ အမှန်တကယ် နိုင်ငံရေးလုပ်ဆောင်လိုသူများ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အခွင့်အလမ်းပေးသည့်အနေဖြင့် နိုင်ငံရေးပါတီများကို လျှော့ပေါ့စွာဖြင့်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယခင် ၁၉၆၂ ခုနှစ်နောက်ပိုင်းကာလတွင် တစ်ပါတီစနစ်ဖြင့်သွားခဲ့ပြီး ကွန်မြူနစ်အုပ်စုများ၊ ဒီမိုကရေစီအုပ်စုများနှင့် သဘောထားကွဲလွဲမှုများရှိခဲ့ကြောင်း၊ သို့သော်လည်း ပါတီအနေဖြင့် မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီစနစ်ကိုသွားခဲ့ကြောင်း၊ ယင်းကိုလက်မခံနိုင်သူများအနေဖြင့် တစ်ပါတီကိုကာကွယ်ထားသည့် ဥပဒေရှိနေသည့်အတွက် နိုင်ငံရေးထွက်ပေါက်မရှိခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေတွင်လည်း တစ်ပါတီစနစ်ဖြင့်သာလျှောက်လှမ်းခဲ့ခြင်းဖြစ်သောကြောင့် ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် ဒီမိုကရေစီအခွင့်အရေးကို တောင်းဆိုမှုများရှိခဲ့ပြီး ယခင်ဖွဲ့စည်းပုံဥပဒေပျက်ခဲ့ကြောင်း၊တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လမ်းခင်းပေးမည်ဖြစ်သဖြင့် ၁၉၉၀ ပြည့် ရွေးကောက်ပွဲတွင် ပါတီများဖွဲ့စည်းနိုင်သမျှဖွဲ့စည်းပြီး လုပ်ပိုင်ခွင့်များပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကောင်စီအစည်းအဝေးတွင်လည်း ဆွေးနွေးခဲ့ကြောင်း၊ ပါတီများများပြားခြင်းကြောင့် ပါတီဝင်အင်အားနည်းပါက ၎င်းတို့လှုပ်ရှားရသည့် နယ်မြေကျဉ်းမြောင်းမည်ဖြစ်ပြီး အခွင့်အရေးရရှိမှုသည်လည်း နည်းပါးမည်ဖြစ်ကြောင်း၊

ထို့ကြောင့် လူထုအားဖြင့် လုပ်ဆောင်ခြင်းသည် ပိုမိုကောင်းမွန်မည်ဟု ဆွေးနွေးခဲ့ကြပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ပြင်ဆင်သည့်ဥပဒေကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ **နိုင်ငံရေးတွင် နိုင်ငံရေးလုပ်ဆောင်လိုသူများပြားပြီး ယင်းနိုင်ငံရေးသည်လည်း အမှန်တကယ်အကောင်အထည်ဖော်နိုင်ရန်လို**ကြောင်း၊**ပါတီများ၏ပါတီနိုင်ငံရေးဦးတည်ချက်ဟူသည်မှာ နိုင်ငံကိုပုံဖော်ရန်ချမှတ်ထားသည့် အတွေးအခေါ်အယူအဆပင်ဖြစ်ပြီး ယင်းကိုအကောင်အထည်ဖော်ရန်အတွက် လွှတ်တော်လမ်းကြောင်းတွင် ပါဝင်နိုင်ရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ပါတီငယ်များ များပြားနေပါက လုပ်ဆောင်နိုင်မည်မဟုတ်သဖြင့် ဦးစီးခေါင်းဆောင်မှုကောင်းသည့် ပါတီများ တည်ရှိခြင်းသည် ပိုမိုကောင်းမွန်မည်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကိုထုတ်ပြန်ခဲ့ပြီး ထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း၊**တည်ဆဲပါတီများအနေဖြင့် ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်ရန်လိုအပ်ပြီး မှတ်ပုံတင်ခြင်းမရှိပါက အလိုအလျောက်ပျက်ပြယ်သွားမည်ဖြစ်**ကြောင်း၊ **ပါတီအသစ်များအနေဖြင့်လည်း မှတ်ပုံတင်ရန်လိုအပ်ပြီး လက်ရှိတွင်လာရောက်မှတ်ပုံတင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရ**ကြောင်း၊ပါတီများနှင့်ပတ်သက်၍ ၎င်းတို့၏လုပ်ဆောင်ချက်များကိုလည်း ဥပဒေအရခွင့်ပြုသင့်သည်များကို ခွင့်ပြုပေးသွားရမည်ဖြစ်ကြောင်း၊ ပါတီများဖွဲ့စည်းပြီးပါက ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သင့်သည်များကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းတို့သည် မလွဲမသွေလုပ်ဆောင်ရမည်များဖြစ်သည်ကို ပြောလိုကြောင်း။

“**တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။**” ဟု ရှေ့လုပ်ငန်းစဉ် စတုတ္ထအချက်အနေဖြင့် ချမှတ်ထားကြောင်း၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် တိုင်းပြည်ငြိမ်းချမ်းမှုရှိရန် မဖြစ်မနေလိုအပ်ကြောင်း၊ ကမ္ဘာပေါ်တွင် ဒီမိုကရေစီအပေါ် အကြမ်းဖက်မှုဖြစ်စဉ်များရှိနေသည့် တိုင်းပြည်များသည် တိုးတက်မှု ထိခိုက်နှောင့်နှေးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒီမိုကရေစီကိုအကြောင်းပြု၍ အာဏာတည်မြဲအောင် လုပ်ဆောင်နေသည့် တိုင်းပြည်များသည်လည်း အခက်အခဲများရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းကဲ့သို့ အခက်အခဲများ မရှိစေရေး တည်ငြိမ်အေးချမ်းမှုများရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှသာလျှင် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေး ကမ်းလှမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် **မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းကိုမျှ ၎င်းတို့ကို တရားဝင်ခွင့်ပြုထားသည့် အခြေချစခန်းများသို့ သွားရောက်တိုက်ခိုက်ခြင်းများ မလုပ်ခဲ့**ကြောင်း၊ ငြိမ်းချမ်းရေးတွင် ရိုးသားမှုရှိရမည်ဖြစ်ကြောင်း၊ နယ်ချဲ့လက်အောက်တွင် သွေးခွဲအုပ်ချုပ်ခံခဲ့ရမှု၏ အကျိုးဆက်များကြောင့် မငြိမ်းချမ်းခြင်း၏ အကျိုးဆက်ကို ယခုထက်တိုင် ခံစားနေရခြင်းဖြစ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အခက်အခဲများတွေ့ရကြောင်း၊ **ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် တစ်ဖက်နှင့်တစ်ဖက် သဘောထားကြီးစွာဖြင့် ဆွေးနွေးဆောင်ရွက်ကြရန်လို**ကြောင်း၊ **နိုင်ငံတော်အတွက် ဖြစ်နိုင်သည်များနှင့် ဖြစ်သင့်သည်များကို အကျေအလည်ဆွေးနွေး အဖြေထုတ်ရမည်ဖြစ်**ကြောင်း၊ **တိုင်းရင်းသားအားလုံး တူညီသည့်အခွင့်အရေးကိုသာရရှိရမည်ဖြစ်**ကြောင်း၊ **မဖြစ်နိုင်သည်များကို တောင်းဆိုနေ၍မရဘဲ တိုင်းပြည်အကျိုး၊ ပြည်ထောင်စုအကျိုးကိုသာကြည့်၍ ဆောင်ရွက်ကြစေလို**ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် အကောင်းဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ် စတုတ္ထအချက်ဖြစ်သည့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် အတတ်နိုင်ဆုံးဆောင်ရွက်သွားမည်ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးအဖွဲ့အစည်းများအနေဖြင့်လည်း ပြည်ထောင်စုအကျိုးစီးပွားကိုရေရှည်ကြည့်၍ သမာသမတ်ရှိစွာဖြင့် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုကြောင်း။

ရှေ့လုပ်ငန်းစဉ်များအနက် နောက်ဆုံးအချက်တွင် “**အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်**”ဟူ၍ ချမှတ်ထားကြောင်း၊မိမိတို့အနေဖြင့် နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေ ကြေညာခဲ့ရခြင်းသည် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့်ဖြစ်ကြောင်း၊ **ယခင်အစိုးရလက်ထက် ရွေးကောက်ပွဲ၌ သိက္ခာမဲ့သောရွေးကောက်ပွဲဖြစ်ခဲ့သဖြင့် မိမိတို့အနေဖြင့်သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ **ရွေးကောက်ပွဲသည် နိုင်ငံ့ခေါင်းဆောင်အထိ ရွေးချယ်ခြင်းဖြစ်သဖြင့် စနစ်တကျဖြင့် မှန်ကန်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ယခင်ရွေးကောက်ပွဲ၌ မဲစာရင်းကွာဟမှုများစွာဖြစ်ပွားခဲ့သည်ကို တွေ့မြင်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့် ရွေးကောက်ပွဲတွင် မဲစာရင်းများမှန်ကန်ရန်လိုပြီး မိမိတို့အနေဖြင့် စစ်မှန်ပြီးတရားမျှတသည့်ရွေးကောက်ပွဲတစ်ရပ်ကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးကို စတင်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး မဲစာရင်းများမှန်ကန်စေရေး သန်းခေါင်စာရင်းများကို အမှန်အတိုင်းဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **မဲပေးခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိစေရေး မဲစာရင်းများကို ပြုစုဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် မဲစာရင်းများ မှန်ကန်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံတိုင်းတွင် ၁၀၀ ရာခိုင်နှုန်းမှန်ကန်သည့် ရွေးကောက်ပွဲဟူ၍မရှိဘဲ ရာခိုင်နှုန်း အနည်းငယ်ကွဲလွဲမှုများ ရှိကြကြောင်း၊ သို့သော်လည်း ရွေးကောက်ပွဲတွင်ကြီးမားသည့် မဲစာရင်းကွဲလွဲမှုများကို မည်သည့်နိုင်ငံကမျှ လက်မခံကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် မှန်ကန်သည့်မဲစာရင်းများဖြစ်စေရေး၊ မဲပေးခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲပေးသူများ၏ အခွင့်အရေးဖြစ်ပြီး မဲပေးခွင့်ရရှိအောင် ဆောင်ရွက်ပေးရန်မှာ အစိုးရ၏တာဝန်ပင်ဖြစ်**ကြောင်း။

မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ် စတင်ကျင့်သုံးသည့်ကာလကစပြီး အထွေထွေရွေးကောက်ပွဲ သုံးကြိမ်ကျင်းပခဲ့ပါကြောင်း၊ နိုင်ငံတွင် မြို့နယ် ၃၃၀ မြို့နယ်ရှိပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ၃၂၅ မြို့နယ်၊၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၃၂၃ မြို့နယ်နှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၃၁၅ မြို့နယ်တို့၌ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပါကြောင်း၊ တဖြည်းဖြည်းဖြင့် ရွေးကောက်ပွဲကျင်းပနိုင်သည့်မြို့နယ်များ ကျဆင်းလာသည်ကို တွေ့မြင်ရပြီး ဒီမိုကရေစီစနစ်ကိုဖော်ဆောင်မည်ဟူသည့် အစိုးရများလက်ထက်တွင် ပြည်သူ့ဆန္ဒဖော်ထုတ်နိုင်မှု ပိုမိုပြီး နည်းပါးသွားသည်ကို သတိပြုဖွယ်တွေ့ရပါကြောင်း။

ရွေးကောက်ပွဲများ ကျင်းပရာတွင်လည်း နိုင်ငံသားတစ်ဦးချင်း၏ ဆန္ဒသဘောထားကို လွတ်လပ်စွာဖော်ထုတ်နိုင်ရေး ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ လူအုပ်စုဖြင့် အနိုင်ကျင့်လွှမ်းမိုးမှုစသည့် မတရားမှုများကင်းဝေးရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအကြားအလပ်မရှိ အထွေထွေရွေးကောက်ပွဲကျင်းပပေးနိုင်ရေး၊ မဲပေးကြမည့် နိုင်ငံသားအားလုံး မတရားမှုများမှ ကင်းဝေးစေရေး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်တစ်ခုတည်း၏ တာဝန်သာမဟုတ်ဘဲ အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် မှန်ကန်သည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုးပမ်းဆောင်ရွက် သွားရမည်ဖြစ်ကြောင်းကို အလေးအနက်ထား ပြောကြားလိုကြောင်း။

မိမိတို့၏ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်ပတ်သက်၍ ဆောင်ရွက်သွားရန် လိုအပ်သည်များကို ပြောကြားခဲ့ခြင်းဖြစ်ပြီး ဆက်လက်ပြောကြားလိုသည်မှာ နိုင်ငံတကာဆက်ဆံရေးနှင့် စပ်လျဉ်း၍ မိမိတို့နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အဓိကအဖွဲ့အစည်းများဖြစ်သည့် အာဆီယံနှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒဖြစ်ကြောင်း၊ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်အပေါ်တွင် အခြေခံ၍ အားလုံးကိုဆက်ဆံကြောင်း၊ အာဆီယံတွင် ၁၉၉၇ ခုနှစ်၌ နောက်တိုးအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လာခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံနှင့်ပတ်သက်၍ နိုင်ငံတကာက ပြောဆိုနေသည့်ကိစ္စများတွင် မှားယွင်းနေသည်များရှိကြောင်း၊ အခါအားလျော်စွာ မိမိတို့နိုင်ငံသို့ရောက်ရှိလာသည့် ဧည့်သည်တော်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ သံတမန်များ၊ စီးပွားရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ၎င်းတို့ပြည်ပနိုင်ငံများတွင် သိရှိနေသည့်အချက်များနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများမှာ ကွဲလွဲနေသည်ကိုသိရှိရသည့်အတွက် အံ့သြမိသည်ဟု ပြောဆိုကြကြောင်း၊ ၎င်းတို့မှာ မီဒီယာများနှင့် ဘက်လိုက်တင်ပြထားကြသည့် သံတမန်များ၏အချက်အလက်များကို အခြေခံ၍ ပြောဆိုနေကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် အခြေအနေမှန်ကိုသိရှိစေရန်လိုအပ်ကြောင်း၊ မိမိတို့ရပ်တည်ချက်မှာ အာဆီယံ၏ မူဘောင်အတွင်းမှ မှန်မှန်ကန်ကန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများနှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံတွင် နေရပ်စွန့်ခွာသူများကိစ္စမှာ ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ရသည့်ကိစ္စဖြစ်ကြောင်း၊ **မိမိတို့အနေဖြင့် မိမိတို့၏တိုင်းရင်းသားများကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်**ကြောင်း၊ **နိုင်ငံသားများကိုလည်း စောင့်ရှောက်ရမည်ဖြစ်**ကြောင်း၊ မိမိတို့နိုင်ငံတွင် ဘင်္ဂါလီများထဲမှ နိုင်ငံသားဖြစ်နေသူများရှိကြောင်း၊ ၎င်းတို့ကိုလည်း ဥပဒေနှင့်အညီအခွင့်အရေး ပေးထားကြောင်း၊ ထို့ပြင် ဘင်္ဂါလီများမှာ ရခိုင်ပြည်နယ်သာမက တစ်နိုင်ငံလုံးရှိ အခြားဒေသများတွင်လည်း နေထိုင်လျက်ရှိကြောင်း၊ ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ ပြဿနာဖြစ်ပေါ်နေသည်မှာ တရားမဝင် လာရောက်နေထိုင်သူများကြောင့် အခက်အခဲဖြစ်နေခြင်းဖြစ်ကြောင်း၊ ပြန်လည်လက်ခံခြင်းကိစ္စနှင့် ပတ်သက်၍ နှစ်နိုင်ငံသတ်မှတ်ထားသည့် သဘောတူညီချက်များနှင့်အညီသာ လက်ခံသွားမည်ဟု ပြောဆိုထားကြောင်း၊ မကြာခင်က ရခိုင်ပြည်နယ်သို့ တာဝန်ရှိသူများ သွားရောက်ခဲ့ကြောင်း၊ **စာမျက်နှာ ၂၀ သို့**

> နိုင်ငံရေးတွင် နိုင်ငံရေးလုပ်ဆောင်လိုသူများပြားပြီး ယင်းနိုင်ငံရေးသည်လည်း အမှန်တကယ် အကောင်အထည်ဖော်နိုင်ရန်လို၊ ပါတီများ၏ပါတီနိုင်ငံရေး ဦးတည်ချက်ဟူသည်မှာ နိုင်ငံကို ပုံဖော်ရန်ချမှတ်ထားသည့် အတွေးအခေါ်အယူအဆပင်ဖြစ်ပြီး ယင်းကိုအကောင်အထည် ဖော်ရန်အတွက် လွှတ်တော်လမ်းကြောင်းတွင် ပါဝင်နိုင်ရမည်ဖြစ်. . .
>
> တည်ဆဲပါတီများအနေဖြင့် ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်ရန်လိုအပ်ပြီး မှတ်ပုံတင်ခြင်း မရှိပါက အလိုအလျောက်ပျက်ပြယ်သွားမည်ဖြစ်၊ ပါတီအသစ်များအနေဖြင့်လည်း မှတ်ပုံတင်ရန် လိုအပ်ပြီး လက်ရှိတွင်လာရောက်မှတ်ပုံတင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရ. . .

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်( ၂/ ၂၀၂၃ )သို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၂/ ၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၃)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အစိုးရ၏ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝင်ငွေနှင့် အသုံးစရိတ် မျှတမှုမရှိသည့် လုပ်ငန်းများရှိနေကြောင်း၊ သို့ဖြစ်၍ ဝင်ငွေနှင့်သုံးငွေ မျှတမှုရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **ယခင် အစိုးရလက်ထက်တွင် စီမံခန့်ခွဲမှုလွဲမှားမှုများကြောင့် အချို့နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများရပ်ဆိုင်းခဲ့ရ**ကြောင်း၊ အချို့လုပ်ငန်းများသည် လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိသော်လည်း လစာငွေပေးချေထားရခြင်းများနှင့် ထိန်းသိမ်းမှုကုန်ကျစရိတ်များ များစွာရှိနေကြောင်း။

**ရပ်တန့်ထားသည့် စက်ရုံများသည် နိုင်ငံ့အတွက် အရှုံးများသာဖြစ်သဖြင့် ပြန်လည် လည်ပတ်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အကုန်အကျအနည်းဆုံးနှင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်ရေးအတွက် မလိုလားအပ်ဘဲ ငွေကြေးကုန်ကျမှုများ မဖြစ်ပေါ်စေရေး မှန်မှန်ကန်ကန်ဆောင်ရွက်ကြစေလိုကြောင်း၊ မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းမရှိပါက အရေးယူခြင်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ ဦးစီးခေါင်းဆောင်ရသည့် တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို သိရှိအောင်ဆောင်ရွက်ပြီး မှန်ကန်သည့် လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အား ပေးအပ်လာသည့်တာဝန်ကို မူဝါဒအားဖြင့် သိရှိဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း။

**လာမည့်ကာလတွင် ပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေ ဆောင်ရွက်သွားမည်**ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် အထောက်အကူပြုနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေးတွင် KG + 9 သင်ကြားပြီးမြောက်ချိန်တွင် အသက်မွေးဝမ်းကျောင်းပညာရပ်များ ကူးပြောင်းသင်ကြားနိုင်ရေး အောင်မြင်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အောင်မြင်သောပညာရေးစနစ်ဖြစ်အောင် ဝိုင်းဝန်းတည်ဆောက်ပေးကြစေလိုကြောင်း။

နောင်ကျင်းပမည့် အခမ်းအနားများနှင့် ပတ်သက်၍ ဘာသာရေး၊ နိုင်ငံရေး သက်ဆိုင်ရာကဏ္ဍအလိုက် အခမ်းအနားများကို ရိုးရာအစဉ်အလာမပျက် အနှစ်သာရပြည့်ဝစွာဖြင့် ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်၏ ယဉ်ကျေးမှုနှင့် ကိုးကွယ်မှုတို့သည် ပြင်ပပယောဂများကြောင့် ပျောက်ပျက်သွားခြင်းများမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်းကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့်ပြောကြားပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက Myanmar Electronic Voting Machine (MEVM) စမ်းသပ်တည်ဆောက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စမ်းသပ်တည်ဆောက်ထားသည့် Myanmar Electronic Voting Machine (MEVM) ဖြင့် စမ်းသပ်မဲပေးမှုကို ကြည့်ရှုစဉ်။

☆ **ကျောဖုံးမှအဆက်**

ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက Myanmar Electronic Voting Machine (MEVM) စမ်းသပ်တည်ဆောက်ထားရှိမှုနှင့်ပတ်သက်၍ ထိန်းချုပ်စက် (Control Unit)၊ ဆန္ဒပြုစက် (Ballonting Unit- Main, Extension)၊ ဆန္ဒပြုစက်မှန်ကန်မှုရှိ၊ မရှိ ပြသသောစက်(Verification Unit)၊ မဲပုံးနှင့် ဘက်ထရီများဖွဲ့စည်းတည်ဆောက်ထားရှိမှု၊ ထည့်သွင်းအသုံးပြုထားသည့်စက်များနှင့် အသုံးပြုရခြင်းရည်ရွယ်ချက်များ၊ သုံးသပ်အကြံပြုတင်ပြချက်များ၊ အရေအတွက်အများအပြား ထုတ်လုပ်ရန်အတွက် ပြင်ဆင်ရမည့်အချက်များ၊ လိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် စမ်းသပ်တည်ဆောက်ထားသည့် Myanmar Electronic Voting Machine (MEVM) ဖြင့် စမ်းသပ်မဲပေးမှုကိုကြည့်ရှုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသုံးစွဲမှုများနှင့် မန္တလေးမြို့ ရေဖြန့်ဝေပေးနေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသုံးစွဲမှုအခြေအနေများအား ရှင်းလင်းတင်ပြခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင် ယနေ့ မွန်းလွဲပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားခွဲဝေသုံးစွဲမှု စနစ်တကျဖြစ်စေရန်၊ နွေရာသီကာလ၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခက်အခဲမရှိစေရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အသုံးပြုသွားနိုင်ရေး၊ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် အန္တရာယ်မရှိစေရေး၊ ဓာတ်အားဆုံးရှုံးမှုမရှိစေရေး အလေးထားဆောင်ရွက်ပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိ သူများက တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၄)ရေတွန်းစက်ရုံ (ရေစစ်ကန်)သို့ သွားရောက်ပြီး မန္တလေးမြို့ ရေဖြန့်ဝေပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရေနှင့်သန့်ရှင်းမှုဌာန မှူးဌာနမှူး ဦးထွန်းဝင်းက မန္တလေးမြို့အား ရေပေးဝေမှုစနစ်၊ ရေပေးဝေရေးအတွက် မြေအောက်ရေနှင့် မြေပေါ်ရေအရင်းအမြစ်များ၊ မြို့နယ်အလိုက် ရေဖြန့်ဝေမှု၊ ရေသုံးစွဲမှု ရေလိုအပ်မှုများပြားသည့် နွေရာသီကာလများတွင် ရေမပြတ်လပ်စေရေး ဆောင်ရွက်ထားရှိမှု၊ ရေတွန်းစက်ရုံများတွင် လျှပ်စစ်ဓာတ်အားခ ကုန်ကျစရိတ် သက်သာရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် Solar On-Grid System တပ်ဆင်အသုံးပြုနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က



မြို့နေလူထုအား ရေကောင်းရေသန့် လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေး၊ ရေပြတ်လပ်မှုများမဖြစ်ပေါ်စေရေး၊ စက်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းကိုင်တွယ်အသုံးပြုရေးတို့ကို အလေးထားဆောင်ရွက်သွားရန်မှာကြားပြီး ရေတွန်းစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# အမ်းမြို့နယ် ဆင်ခုံတိုင်ကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်မင်း နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ဆင်ခုံတိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၃၀၂ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG နှင့် အမ်ထရာဆောင်းစက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်မင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံလွှဲပြောင်းကုသနိုင်ရေးလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရေဝတီတိုင်းဒေသကြီးအတွင်း၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ဦးရေ ၉၅၀ နှင့် ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၄၀၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**ရေဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။**

**စာမျက်နှာ ၁၈ မှအဆက်**

မိမိတို့အနေဖြင့် တရားဝင် သဘောတူညီချက်ဖြင့် ဆောင်ရွက်နေမှုအပေါ် ငြင်းဆန်ခြင်းမရှိကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ပြန်လည်ဝင်ရောက်လာချိန်တွင်လည်း ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ အခွင့်အရေးရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံသားဥပဒေမှာ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအတွက်သာ ဆောင်ရွက်ထားသည့် ဥပဒေမဟုတ်ကြောင်း၊ မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသူများ နိုင်ငံသားပြုခွင့်ရရှိရေးအတွက် ဆောင်ရွက်ထားသည့်ဥပဒေဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် နေရပ်စွန့်ခွာသူများကိစ္စမှာ မိမိတို့အစိုးရသာမက နောင်ပေါ်ပေါက်လာမည့် အစိုးရများကလည်း ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အားရရှိရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် လျှပ်စစ်ဓာတ်အားအခက်အခဲ ရရှိနေဦးမည်ဖြစ်ကြောင်း၊ ယင်းမှာ ယခင်က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများကို အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရသည့်အတွက်လည်း ပါဝင်ကြောင်း၊ သို့ဖြစ်၍ မိမိအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ **၂၀၂၅ ခုနှစ်တွင် အတတ်နိုင်ဆုံး နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို အပြည့်အဝ မဟုတ်သော်လည်း ရာခိုင်နှုန်းမြင့်မြင့်မားမားပြည့်မီအောင် စီစဉ်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ **တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း ဒေသအစီအစဉ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြစေလို**ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စပါးထွက်ရှိသည့်အတွက် **စပါးခွံလောင်စာဖြင့် ထုတ်လုပ်သည့်လျှပ်စစ်၊ ဆိုလာလျှပ်စစ်နှင့် လေအားလျှပ်စစ်တို့ကို ဆောင်ရွက်ကြစေလို**ကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားသုံးစွဲရေးတွင်လည်း ဓာတ်အားချွေတာသည့် လျှပ်စစ်ပစ္စည်းများကို သုံးစွဲကြရန်လိုကြောင်း၊ ပို့ဆောင်ရေးစနစ်ကိုလည်း လျှပ်စစ်သုံးစွဲသည့် ပို့ဆောင်ရေးစနစ်ဖြစ်စေရန် မဖြစ်မနေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်မော်တော်ကားသုံးစွဲမှုကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်မော်တော်ကား တင်သွင်းခွင့်ပြုရာတွင် စိတ်ဝင်စားမှုများနှင့် ကမ်းလှမ်းမှုများရှိကြောင်း၊ ကမ္ဘာ့ရေနံဈေးမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာကြောင်း၊ သို့ဖြစ်၍ **ဓာတ်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်စေရန် လျှပ်စစ်ဓာတ်အားပိုမိုထုတ်လုပ်ရန်လိုအပ်**ကြောင်း၊ **အရည်အသွေးကောင်းမွန်သည့် လျှပ်စစ်မော်တော်ကားများ တွင်တွင်ကျယ်ကျယ်သုံးစွဲနိုင်စေရန် ကြီးကြပ်ရေးအဖွဲ့များက အလေးထား၍ စနစ်တကျ ဆောင်ရွက်သွားရန်လို**ကြောင်း၊ လက်ရှိတွင် ရန်ကုန်-နေပြည်တော် အမြန်လမ်းနှင့် လမ်းဟောင်းတို့တွင် Charging Station များ ဆောက်လုပ်နေကြောင်း၊ ထပ်မံ၍လည်း နေပြည်တော်-မန္တလေးလမ်း၊ လားရှိုးလမ်း၊ မော်လမြိုင်လမ်းနှင့် ကရင်ပြည်နယ်တို့တွင် တိုးချဲ့ဆောက်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ကားသုံးစွဲမှုကို တွင်တွင်ကျယ်ကျယ်ဖြစ်စေရန် ဝန်ကြီးဌာနများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဘက်စုံထောင့်စုံမှ ကြိုးစားဆောင်ရွက်ပါက လာမည့်ခြောက်လအတွင်း နိုင်ငံတော်အတွက် များစွာအထောက်အကူဖြစ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

## ဖေဖော်ဝါရီ ၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦးတွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၅၉ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၂၂ ဦး |

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဖေဖော်ဝါရီ ၈ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၄၆၁ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး



ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင် ကျွန်းစုမြို့ သီးနှံစိုက်ခင်းအား ကြည့်ရှု စစ်ဆေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်မြေခံရေတပ်စခန်းဌာနချုပ်နှင့် မြိတ်တပ်နယ်တို့ရှိ စိုက်ပျိုးမွေးမြူရေးခြံများသို့လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများက ကချင်ပြည်နယ် မိုးကောင်းမြို့ရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှ စိုက်ပျိုးမွေးမြူရေးခြံများသို့လည်းကောင်း အသီးသီး သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် မူကြိုကလေးငယ်များ၏ ကာယဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပပြုလုပ်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည် ပြိုင်ပွဲ ဆုရရှိသူများကို ဆုများပေးအပ် ချီးမြှင့်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ် မူကြိုကလေးငယ်များ၏ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဇိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် မူကြိုကလေးငယ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မူကြိုကလေးငယ်များ၏ ကာယဉာဏစွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ဆုရရှိကြသူများနှင့် ဇိုင်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များနှင့် ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ တူကီယဲနိုင်ငံ သမ္မတ မစ္စတာရီဆက်တေရစ်အာဒိုဂန်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၉**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် တူကီယဲနိုင်ငံနှင့် ဆီးရီးယားနိုင်ငံ နယ်စပ်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ဒဏ်ကြောင့် တူကီယဲပြည်သူအများအပြား အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးခဲ့ခြင်းများအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ တူကီယဲနိုင်ငံ သမ္မတ မစ္စတာရီဆက်တေရစ်အာဒိုဂန် ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာကို ဖေဖော်ဝါရီ ၇ ရက်တွင် ပေးပို့ခဲ့သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ဆီးရီးယားနိုင်ငံသမ္မတ ဒေါက်တာ ဘာရှား အယ်-အာဆတ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၉**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် တူကီယဲနိုင်ငံနှင့် ဆီးရီးယားနိုင်ငံ နယ်စပ်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ဒဏ်ကြောင့် ဆီးရီးယားပြည်သူအများအပြား အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးခဲ့ခြင်းများအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ဆီးရီးယားနိုင်ငံသမ္မတ ဒေါက်တာ ဘာရှား အယ်-အာဆတ်ထံသို့ စာနာထောက်ထားကြောင်းသဝဏ်လွှာကို ဖေဖော်ဝါရီ ၇ ရက်တွင် ပေးပို့ခဲ့သည်။

## တာဝန်မှ ရပ်စဲ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၁၈ /၂၀၂၃**
၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်)
**တာဝန်မှ ရပ်စဲခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ မကွေးတိုင်းဒေသကြီးဥပဒေချုပ် ဦးဝင်းမြင့်အား တာဝန်မှ ရပ်စဲလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တောင်ကြီးမြို့ရှိ ဆေးတက္ကသိုလ်(တောင်ကြီး) ဆေးပညာအခြေခံနှစ်(၁၁/၂၀၂၂)သင်တန်း(Orientation)နှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ဆေးတက္ကသိုလ်(တောင်ကြီး) ဆေးပညာအခြေခံနှစ်(၁၁/၂၀၂၂)သင်တန်း (Orientation)နှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ တက္ကသိုလ်၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်(တောင်ကြီး) ပါမောက္ခချုပ် ဒေါက်တာလှဝင်းမြင့်၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဆေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက ဆေးတက္ကသိုလ်သီချင်း သီဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်ကြပြီး တိုင်းမှူးနှင့် ဆေးတက္ကသိုလ်ပါမောက္ခချုပ်တို့က အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် ဆေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆေးတက္ကသိုလ်(တောင်ကြီး)တွင် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆေးပညာအခြေခံနှစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းမှူးက ကျောင်းဘက်စုံ အသုံးပြုနိုင်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းပြီး ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်က ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ရာ ပါမောက္ခချုပ်က လက်ခံရယူသည်။

၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားပြိုင်ပွဲများ၊ ထမနဲထိုးပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး ဆေးတက္ကသိုလ်(တောင်ကြီး) မောင်မယ်သစ်လွင်ကြိုဆိုပွဲ၌ ထူးချွန်ဆုရ ကျောင်းသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဥပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ



ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များနှင့် ဘုရားကြီးရင်ပြင်တော်များတွင် မီးထွန်းပူဇော်ထားခြင်းများကို အများပြည်သူများ ကြည်နူးကြည်ညိုသပ္ပာယ်စွာ တွေ့မြင်ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ဘုရားဒါယကာ၊ဒါယိကာမတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဥပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဥပနာတော်သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင်ပြုလုပ်ခဲ့ပြီး ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ခြောက်ပဲ သုံးရွေး၊ ကျောက်မျက်ရတနာပါရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား တစ်ပဲတစ်ရွေး၊ကျောက်မျိုးစုံ သုံးကီလိုဂရမ် အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဇာတာတော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန် ရွှေငွေကျောက်သံပတ္တမြားများကို ဥပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော်ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဥပနာတော်ကုသိုလ်ပြုနိုင်ရန်အတွက် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ခဲ့ရာ ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများထံသို့ ဝမ်းပန်းတသာဆက်သွယ်၍ အဖိုးတန်ကျောက်မျက်ရတနာဥပနာတော်ကုသိုလ်ပစ္စည်းများကို ထည့်ဝင်လှူဒါန်းခဲ့ကြသည်။

ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ လှူဒါန်းခဲ့သည့် အဖိုးတန်ကျောက်မျက်ရတနာ ဥပနာတော်ကုသိုလ်ပစ္စည်းများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဥပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များနှင့် ဘုရားကြီးရင်ပြင်တော်များတွင် မီးထွန်းပူဇော်ခြင်းများကို အများပြည်သူများအနေဖြင့် ယခုကဲ့သို့ ကြည်နူးကြည်ညိုသပ္ပာယ်စွာဖြင့် တွေ့မြင်ကြရမည်ဖြစ်ပါသည်။



ကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များနှင့် ဘုရားကြီးရင်ပြင်တော်များတွင် မီးထွန်းပူဇော်ထားခြင်းများကို အများပြည်သူများ ကြည်နူးကြည်ညိုသပ္ပာယ်စွာတွေ့မြင်ရစဉ်။

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၅/ ၂၀၂၃) ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/ ၂၀၂၃) ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့်စပ်လျဉ်း၍ ကြေညာချက်အမှတ် (၂/ ၂၀၂၃)၊ (၃/ ၂၀၂၃) တို့ဖြင့်လည်းကောင်း ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ပြည်ထောင်စုဒီမိုကရေစီပါတီ (Union Democracy Party)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် တည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ငွေကျပ် ၂၀၀ တန်အထူးထုတ် တပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ဖေဖော်ဝါရီ ၁၂ ရက်တွင်ကျရောက်မည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ငွေကျပ် ၂၀၀ တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက် တနင်္ဂနွေနေ့၊ နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဖေဖော်ဝါရီ ၁၂ ရက်၌ ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပပုံများကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၆ နာရီ မိနစ် ၄၀ မှ စတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD HD၊ MWD Variety HD၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FMတို့မှတိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းများ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်အရောင်းပြခန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုထုတ်ကုန်ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် **(ယနေ့)** နံနက် ၈ နာရီ မိနစ် ၂၀ မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV News Channel၊ MWD HD၊ MWD Variety HD၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင် မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မိတ္ထီလာမြို့နယ် ရေဝေကျေးရွာရှိ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူစုစုပေါင်း ၅၁၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ ဆေးကုသမှုဆိုင်ရာရောဂါ ၁၃၅ ဦး၊ ခွဲစိတ်ရောဂါ ၃၅ ဦး၊ ကလေးရောဂါ ၂၂ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၇ ဦး၊ အရိုးရောဂါ ၁၂၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၈ ဦး၊ မျက်စိရောဂါ ၁၁၉ ဦးနှင့် သွားရောဂါ ၄၄ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ မျက်စိခွဲစိတ်လူနာ ၁၂ ဦးတို့ကို ရွေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၆၃ ဦး၊ Ultrasound ရိုက်လူနာ ၃၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ဦးရေ ၃၀၊ ဓာတ်ခွဲစမ်းသပ်လူနာ ၅၄ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူ ၁၇ ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ၎င်းပြင် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို သွေးတိုးရောဂါနှင့် ဆီးချို၊ သွေးချိုရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး မိတ္ထီလာမြို့နယ် ရေဝေကျေးရွာရှိ ဒေသခံပြည်သူများအား တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။**

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လားရှိုးမြို့နယ် နမ့်စံလွယ်ကျေးရွာ၌ ဘက်စုံသုံးခန်းမဖွင့်ပွဲ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် နမ့်စံလွယ်ကျေးရွာ၌ ဘက်စုံသုံးခန်းမဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အဆိုပါဘက်စုံသုံးခန်းမလုပ်ငန်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး နမ့်စံလွယ်ကျေးရွာနေ ပြည်သူများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဘက်စုံသုံးခန်းမဖွင့်ပွဲ အထိမ်းအမှတ်အလံများပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးက အဆိုပါဘက်စုံသုံးခန်းမ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အထွေထွေဘက်စုံသုံးထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ရာ ကျေးရွာနေ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘက်စုံသုံးခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ၎င်းနောက် ဘက်စုံသုံးခန်းမနှင့် လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။



**အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး လားရှိုးမြို့ နမ့်စံလွယ်ကျေးရွာရှိ ဘက်စုံသုံးခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ဖျာပုံမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) တို့သည် ယနေ့တွင် ဖျာပုံမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၁၂ ဦးကို ၎င်းမြို့ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၅ ဦး၊ ခွဲစိတ်ရောဂါ ၂၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၉ ဦး၊ ကလေးရောဂါ ၂၄ ဦး၊ အရိုးအကြောရောဂါ ၁၁၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၉၅ ဦးနှင့် သွားရောဂါ ၃၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၁ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၅၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။


**တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



# ချင်းပြည်နယ် ထန်တလန်မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကို CDF အမည်ခံ အကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်

CDF အမည်ခံ အကြမ်းဖက်သမားများတိုက်ခိုက်ခဲ့သည့် ထန်တလန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး နေရာပြပုံ




**နေပြည်တော် ဖေဖော်ဝါရီ ၉**

ချင်းပြည်နယ် ထန်တလန်မြို့သို့ CNF အကြမ်းဖက်အဖွဲ့နှင့် CDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ မကြာခဏ ပစ်ခတ်မှု၊ ဝင်ရောက်မီးရှို့မှု စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုကြောင့် မြို့နေပြည်သူအချို့အနေဖြင့် မြို့မှ ယာယီတိမ်းရှောင်သွားခဲ့ရာ ကျန်ရှိသော မြို့ခံပြည်သူလူထုအချို့နှင့် ယာယီတိမ်းရှောင်နေသူများ၏ အိုးအိမ် အဆောက်အအုံများကို မပျက်စီးအောင် ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့၏ တောင်ဘက်ရှိ လုံခြုံရေးတပ်စခန်းတို့ကို ဖေဖော်ဝါရီ ၈ ရက် ည ၁၀ နာရီမှ စတင်ကာ ယနေ့နံနက်ပိုင်းထိ CDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များ အသုံးပြု၍ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များသည် ရှုပ်ရှပ်ချွံချွံဖြင့် အပြင်းအထန် ပြန်လည်ခုခံ တိုက်ခိုက်ခဲ့သော်လည်း အကြမ်းဖက်အဖွဲ့၏ သာလွန်အင်အားဖြင့် တိုက်ခိုက်ခြင်း၊ ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရမှုများလာခြင်းတို့ကြောင့် ယနေ့နံနက် ၂ နာရီခန့်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များသည် လေကြောင်းပစ်ကူနှင့် အမြောက်ပစ်ကူများရယူကာ စနစ်တကျဖြင့် ဆုတ်ခွာခဲ့ပြီး မြို့တောင်ဘက်ရှိ လုံခြုံရေးတပ်စခန်းသို့ အောင်မြင်စွာ သွားရောက်ပူးပေါင်းနိုင်ခဲ့သည်။

ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တချို့ ကျဆုံး၊ ဒဏ်ရာရရှိခဲ့ပြီး ပြုပြင်ရန်လိုအပ်သည့် လက်နက်ငယ်အချို့ ဆုံးရှုံးခဲ့ရသည်။ အဆိုပါ မြို့နယ်ရဲစခန်းအား ပြန်လည်သိမ်းပိုက်နိုင်ရေးနှင့် မြို့လုံခြုံရေးအတွက် တပ်မတော်စစ်ကူစစ်ကြောင်းများက ယနေ့ညနေပိုင်းတွင် ထန်တလန်မြို့သို့ ရောက်ရှိ စုဖွဲ့လျက်ရှိပြီး ရဲတပ်ဖွဲ့မှူးစခန်းအား ပြန်လည်သိမ်းပိုက်နိုင်ရေးနှင့် ထန်တလန်မြို့အတွင်း အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်မှု (Counter-Terrorism Operation) အတွက် လိုအပ်သည်များ စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်း တာဝါတိုင် နှစ်တိုင်ကို ဖောက်ခွဲဖျက်ဆီးမှုအခြေအနေ သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စီမံဆောင်ရွက်နေသော်လည်း ယခုကာလများတွင် ပြည်သူလူထု၏ လိုအပ်ချက်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် ထုတ်လုပ်ပေးနိုင်မှုကိုအခြေခံ၍ မျှတစွာခွဲဝေခံစားရရှိနိုင်ရန် စီမံဆောင်ရွက်ဖြန့်ဖြူးလျက်ရှိပါသည်။

၂။ ထိုသို့ ဆောင်ရွက်နေသည့်ကာလတွင် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးလျက်ရှိသော လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှုများ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်လျက်ရှိရာ ၈-၂-၂၀၂၃ ရက်တွင် ဘီလူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်ပေးလျက်ရှိသည့် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်း၏ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးဗြဲမြို့နယ်နှင့် ဖယ်ခုံမြို့နယ်အကြားရှိ တာဝါတိုင် နှစ်တိုင်ကို ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တာဝါတိုင် နှစ်တိုင် ပြိုလဲပျက်စီးခဲ့ပါသည်။ အဆိုပါ ဓာတ်အားလိုင်းမှာ ယခုအကြိမ်အပါအဝင် စုစုပေါင်း ၁၀ ကြိမ်နှင့် တာဝါတိုင်ပေါင်း ၂၆ တိုင် ဖျက်ဆီးခံခဲ့ရသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံးပြင်ဆင်နိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ပါ၍ NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို ဖောက်ခွဲဖျက်ဆီးခဲ့သည့်အကြိမ်ပေါင်း ၂၂၀ ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း လုံခြုံရေးအဖွဲ့များနှင့်ပူးပေါင်းကာ ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**



၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်း၏ တာဝါတိုင်များ ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ပြိုလဲပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့ ပန်းတော်ရပ်ကွက်နေ ဟိန်းဝေ(ခ)ကိုဟိန်းသည် ၎င်းအသုံးပြုသည့် "Ko Hein" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၅)ရပ်ကွက်နေ အေးဟေမာသိမ့်သည် ၎င်းအသုံးပြုသည့် "Ma Hay Man" Facebook အကောင့်နှင့် မင်္ဂလာဒုံမြို့နယ်နေ တင်နိုင်ထွန်းသည် ၎င်းအသုံးပြုသည့် "Tin Naing Tun" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

**စာမျက်နှာ ၂၄ မှ အဆက်**

လုပ်ဆောင်ရန်အတွက် တစ်လလျှင် နှစ်သိန်းကျပ်၊ ဖမ်းဆီးရန်ကျန် တရားခံအောင်သပြေမှ တစ်လလျှင် လေးသိန်းကျပ် ထောက်ပံ့ပေးကြောင်း၊ အဆိုပါရရှိသည့် ငွေကြေးများကို ဖိုးခွား(ခ)ဉာဏ်မင်းမောင်မောင်၊ မောင်သက်၊ ငစော(ခ)မျိုးမြတ်မင်းစောနှင့် သူရိန်အောင်(ခ)အောင်သူတို့က ခွဲဝေယူကြသည့်အပြင် လက်လုပ်မိုင်းများ ပြုလုပ်ရာတွင် အသုံးပြုခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

**၂၀၂၁ခုနှစ် ဒီဇင်ဘာ ၂၁ရက်တွင် ကစမြို့နယ် သဂ္ဂလမြို့ ကန်တော်မင်္ဂလာ ရပ်ကွက်၌ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးကို အကြမ်းဖက် သမားများက သေနတ်ဖြင့် ပစ်စတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။**



ခရီးသွားဆောင်းပါး

# နာမည်ကျော် ကွမ်းလုံမြို့နှင့် ကြိုးတံတား

သက်နိုင်(ပြင်ဦးလွင်)

ကွမ်းလုံ-ချင်းရွှေဟော်-လောက်ကိုင်ခရီးစဉ်မှာ သိန်းနီမြို့တွင်းကို ဖြတ်သန်းလာခဲ့ပြီး လောက်ကိုင်မြို့သွားရောက်ရာလမ်းခွဲကိုရောက်ရှိနေပါပြီ။ လောက်ကိုင်လမ်းခွဲကိုရောက်ရှိလာတာနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)က နာမည်ကျော် လွိုင်ဆမ်စစ်တောင်တန်းကြီးတွေကို စတင်တွေ့မြင်လာရတယ်။ လွိုင်ဆမ်စစ်ဆိုတာ ရှမ်းတိုင်းရင်းသားဘာသာစကားနဲ့ တောင်အလုံးပေါင်း ၃၀ ကို ခေါ်ဆိုတာဖြစ်ပါတယ်။ သိန်းနီမြို့နဲ့ ကွတ်ခိုင်မြို့ကြားမှာ တောင် ၃၀ ရှိတဲ့ လွိုင်ဆမ်စစ်တောင်တန်းကြီး တည်ရှိနေတယ်။ ခရီးစဉ်လမ်းကြောင်းအရ သိန်းနီမြို့ရှိရာ ဘယ်ဘက်လမ်းအတိုင်း သွားရောက်ကြရမှာမဟုတ်ဘဲ ညာဘက်လမ်းအတိုင်း သွားရောက်ကြရမှာမို့ လွိုင်ဆမ်စစ်တောင်တန်းကြီးပေါ်ကနေ ဖြတ်သန်းရတော့မှာ မဟုတ်တော့ပါဘူး။

လမ်းခွဲကနေ ညာဘက်ချိုးဝင်လိုက်တာနဲ့ ကွမ်းလုံ-ချင်းရွှေဟော်-လောက်ကိုင်လမ်းက အရင်နှစ်ပေါင်း ၃၀ လောက်က တွေ့မြင်သိရှိထားတဲ့ ချိုင့်ခွက်ပေါပေါဆိုးဆိုး သာမန်ကတ္တရာလမ်းမျိုးမဟုတ်တော့ဘဲ နိုင်လွန်ကတ္တရာလမ်းသစ်ကြီးဖြစ်နေတာကို တွေ့မြင်လိုက်ရတယ်။ ဒါပေမဲ့ လမ်းကတော့ ကျဉ်းမြောင်းနေသေးတယ်။ ဒီလမ်းအတိုင်း ကွမ်းလုံမြို့ရောက်အောင် မိုင် ၆၀ မောင်းနှင်ရပါအုံးမယ်။ နာရီကိုကြည့်လိုက်တော့ မွန်းလွဲ ၂ နာရီ မိနစ် ၃၀ကျော်နေပါပြီ။ ဒီလိုနိုင်လွန်ကတ္တရာခင်းလမ်းကောင်းအတိုင်း မပြောင်းမလဲ ဆက်လက်မောင်းနှင်ရမယ်ဆိုရင် ကွမ်းလုံမြို့ရောက်အောင် ၂ နာရီလောက်ပဲ မောင်းနှင်ရမှာပါ။

မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးကနေ ခွဲထွက်လာခဲ့ရပေမဲ့ သိန်းနီမြို့ရဲ့ဧရိယာက မကုန်ဆုံးသေးတာကြောင့် လမ်းဘေးဝဲယာတစ်လျှောက်မှာ စတိုးဆိုင်တွေ၊ ကုန်စုံဆိုင်တွေ၊ စားသောက်ဆိုင်တွေ စတဲ့ ဆိုင်အမျိုးမျိုးတွေနဲ့ ခေတ်မီလှပတဲ့ လူနေအိမ်တွေကို တွေ့မြင်နေရသေးတယ်။ ဒါပေမဲ့ လမ်းအနေအထားက ကျဉ်းမြောင်းနေလို့ ဆိုင်တွေ၊ အိမ်တွေအားလုံးက လမ်းနဲ့ကပ်လွန်းနေကြတယ်။ တချို့နေရာတွေမှာ အိမ်ပေါ်ကနေဆင်းလိုက်တာနဲ့ လမ်းမပေါ်ရောက်၊ လမ်းပေါ်ကနေဆင်းလိုက်တာနဲ့ ဆိုင်ထဲကိုရောက်နေတာမျိုးတွေရှိနေကြတယ်။ တောင်တက်တောင်ဆင်းနဲ့ အကွေ့အကောက်များတဲ့လမ်းမဟုတ်တာကြောင့် တော်သေးတယ်။ သိန်းနီမြို့ဧရိယာကို ကျော်လွန်လာတာနဲ့ လမ်းဘေးမှာ အဆောက်အအုံတွေ နည်းပါးသွားပြီး လယ်ကွင်းတွေ၊ ကြံစိုက်ခင်းတွေကိုသာ တွေ့မြင်လာရသလို လမ်းပေါ်မှာလဲ အသွားအလာတွေ ရှင်းလင်းသွားကြတယ်။

ခရီးမိုင်အတန်အသင့်ရောက်လာတဲ့ထိ လမ်းအခြေအနေက ပြောင်းလဲခြင်းမရှိသေးဘဲ နိုင်လွန်ကတ္တရာခင်းလမ်းဖြစ်နေသေးတာကို တွေ့ရလို့ ကွမ်းလုံမြို့ထိ ဒီလိုလမ်းကောင်းအတိုင်းသာ ဆက်လက်မောင်းနှင်ရတော့မှာဆိုတာကို တွေးထင်လိုက်မိတယ်။ တကယ်လဲ ရှေ့ခရီးလမ်းတစ်လျှောက်လုံးမှာ လမ်းကျဉ်းလမ်းကောင်းကိုသာ မောင်းနှင်လာခဲ့ရတယ်။ ဒါပေမဲ့ ကျောက်ဖြုန်းတောင်ဆိုတဲ့နေရာကိုရောက်တော့ လမ်းကအနည်းငယ်ဆိုးသွားတဲ့အပြင် အတက်အဆင်း၊အကွေ့အကောက်တွေများလွန်းတာကြောင့် သတိထားဂရုစိုက်မောင်းနှင်နေရတယ်။ ကျောက်ဖြုန်း တောင်နေရာက ကျိုင်းတုံ-တာချီလိတ်ခရီးစဉ်ကို သွားခဲ့တုန်းက မိုင်းပျဉ်းမြို့နဲ့ ကျိုင်းတုံမြို့ကြားမှာရှိတဲ့ လမ်းပိုင်းနေရာနဲ့ ခပ်ဆင်ဆင်တူနေတယ်။ တောင်ကုန်း၊ တောင်တန်းမြင့်မြင့်၊ ချောက်နက်နက်တောင်ကမ်းပါးယံမှာ ကားလမ်းဖောက်လုပ်ထားတာဖြစ်ပြီး တစ်ဖက်ကတောင်၊ တစ်ဖက်က လျှိုမြောင်ချောက်ကြီးပါ။ တောင်ပေါ်ကနေ မြေပြိုကျမှုတွေနဲ့အတူ တချို့နေရာတွေမှာ လမ်းပိတ်ဆို့ကျဉ်းမြောင်းနေတာမျိုးတွေ၊ လမ်းသားပွဲ့နေတာမျိုးတွေ၊ တောင်ကျရေစီးကြောင်းတွေကို တွေ့မြင်နေရတယ်။ တောင်တန်းက ညီညာနေတာမဟုတ်ဘဲ စွန်းထွက်၊ ချွန်းထွက်နေတဲ့ တောင်ကမ်းပါးယံအတိုင်း လိုက်လျောညီထွေအောင် လမ်းဖောက်လုပ်ထားရတာကြောင့် လမ်းအခြေအနေကလဲ အကွေ့အကောက်တွေများနေရတယ်။

ဖြုန်းတောင်နေရာက အန္တရာယ်များတဲ့လမ်းပိုင်းနေရာဖြစ်ပေမဲ့ တစ်ဖက်ကတောင်၊ တစ်ဖက်ကချောက်လမ်းအကွေ့အကောက်တွေနဲ့ သာယာလှပနေတယ်။ တစ်ဖက်တောင်တန်းကြီးတွေပေါ်ကို နေရောင်ကောင်းကောင်းထိုးနေတဲ့ ညနေပိုင်းဖြစ်နေတဲ့အတွက်ကြောင့်လဲ သာယာလွမ်းမောဖွယ်ရှုခင်းတွေကို ပီပီသသထင်ထင်ရှားရှား မြင်တွေ့နေရတယ်။ ကားရပ်ပြီး ရှုခင်းရှုကွက်အမျိုးမျိုးကို မှတ်တမ်းဓာတ်ပုံရိုက်ယူချင်ပေမဲ့ လောက်ကိုင်မြို့ကို အဝင်နောက်ကျမှာစိုးရိမ်တာကြောင့် ကားမောင်းနေရင်းနဲ့သာ ရခိုင်သမျှရှုခင်းတွေကို ကြည့်ခဲ့ရတော့တယ်။

ဖြုန်းတောင်နေရာကို ကျော်လွန်လာပြီးတာနဲ့ ကားလမ်းအနေအထားကလဲ တောင်ဆင်းတောင်တက်၊ အကွေ့အကောက်တွေမဟုတ်တော့ဘဲ ပုံမှန်အတိုင်းပြန်ဖြစ်သွားတယ်။ ဒါပေမဲ့ မကြာခင်မှာ သံလွင်မြစ်ကြီးကို မြင်တွေ့လာရပြီး ကားလမ်းကလဲ သံလွင်မြစ်ကြောင်းအတိုင်း ကောက်လိုက်၊ ကွေ့လိုက်နဲ့ မောင်းနှင်လာရပြန်တယ်။ သံလွင်မြစ်က ကားလမ်းနဲ့ နီးလိုက်၊ ဝေးလိုက်နဲ့ပါ။ မြစ်ထဲမှာ စီးဆင်းနေတဲ့ရေတွေကိုတော့ တချို့နေရာတွေမှာသာမြင်တွေ့နေရပြီး တချို့နေရာတွေမှာ မြင်ကွင်းကနေ ပျောက်ကွယ်နေကြပါတယ်။ သံလွင်မြစ်ကြောင်းအတိုင်း ဖောက်လုပ်ထားတဲ့ ကားလမ်းကနေ မောင်းနှင်လာရင်းနဲ့ တစ်နေရာအရောက်မှာ သံလွင်မြစ်ကူးတံတားအသစ်ကြီး တည်ဆောက်နေတဲ့ လုပ်ငန်းခွင်ကို မြင်တွေ့ခွင့်ရရှိကြတယ်။ တံတားသစ်ကြီးက လမ်းရဲ့ ဘယ်ဘက်အခြမ်းမှာဖြစ်နေပြီး ဟိုဘက် ဒီဘက် တစ်ပြိုင်နက်ဖောက်လုပ်တည်ဆောက်နေတဲ့ တံတားနှစ်ခုကလဲ ထိလုထိခင် ဆက်ခါနီးနေပါပြီ။




သံလွင်မြစ်ကူးတံတားသစ်တည်ဆောက်နေတဲ့နေရာကို ကျော်လွန်လာတာနဲ့ ကွမ်းလုံမြို့ကို ဝင်ရောက်တော့မယ်ဆိုတာ တွေးတောသိမြင်လိုက်ရတာနဲ့အတူ လမ်းပေါ်မှာ အသွားအပြန်ကားကြီး၊ ကားငယ်တွေရှုပ်ထွေးလာတယ်။ ကားတွေရှုပ်လာတာကြောင့် ဖြည်းဖြည်းမှန်မှန်မောင်းနှင်လာရင်းနဲ့ တစ်နေရာအရောက်မှာ ရှေ့ကပိတ်ဆို့ရပ်တန့်နေတဲ့ ကားတန်းရှည်ကြီးကြောင့် မိမိတို့ကားလဲ ရပ်နေရတော့တယ်။ တစ်ဖက်မျက်နှာချင်းဆိုင်ကနေ လာနေကြတဲ့ ကားတန်းကြီးကလဲ တရွေ့ရွေ့နဲ့ တစ်စီးတစ်တန်းကြီးပါ။ ကားတန်းရှည်ကြီးနဲ့အတူ ရပ်တန့်စောင့်ဆိုင်းချိန် ၅ မိနစ်ကျော်မှ တဖြည်းဖြည်း၊ တရွေ့ရွေ့နဲ့ ဆက်လက်ထွက်ခွာလာခဲ့ရတယ်။ လမ်းပေါ်မှာတွေ့မြင်ရတဲ့ကားအများစုက ကုန်တင်ကားကြီးတွေပါ။ ဒါပေမဲ့ ခြောက်ဘီး၊ ၁၂ ဘီးကားတွေသာဖြစ်ပြီး ၂၂ ဘီးတွဲကားရှည်ကြီးတွေမဟုတ်ကြပါဘူး။ သိန်းနီ-ကွမ်းလုံ-ချင်းရွှေဟော်-လောက်ကိုင်ကားလမ်းပိုင်းမှာ ၂၂ ဘီး တွဲကားကြီးတွေ မောင်းနှင်သွားလာလို့မရသေးကြောင်းကိုလဲ တစ်ဆက်တည်း သိလိုက်ရတယ်။

အချိန်က ညနေ ၄ နာရီ မိနစ် ၃၀ ရှိနေပါပြီ။ ကားတန်းရှည်ကြီးနဲ့အတူ တရွေ့ရွေ့၊ တလိမ့်လိမ့် မောင်းနှင်လာရင်းက ကွမ်းလုံမြို့အဝင်ဆိုင်းဘုတ် မကြာခင်မှာ ကွမ်းလုံကြိုးတံတားတွေကို ဖြတ်သန်းလာခဲ့ရတယ်။ မူလအစီအစဉ်က မြို့အဝင်ဆိုင်းဘုတ်နဲ့ ကြိုးတံတားရောက်ရင် ကားခဏရပ်ပြီး အမှတ်တရမှတ်တမ်းဓာတ်ပုံတွေရိုက်ကြမယ်လို့ စိတ်ကူးထားခဲ့ပေမဲ့ ကွမ်းလုံကြိုးတံတားပေါ်မှာ အတက်၊ အဆင်း၊ အသွား၊ အပြန်ကားတွေကို တစ်ဖက် ၅ မိနစ်ကျစီ ဖြတ်သန်းသွားလာခွင့်ပေးနေတာကြောင့် မြို့အဝင်နဲ့ တံတားမှာ ကားရပ်ခွင့်မရကြတော့ဘဲ ဆက်လက်မောင်းနှင်လာခဲ့ရတယ်။ ဒီလိုအခြေအနေမှာ ဘေးကတပည့်ဖြစ်သူကို ကားပေါ်ကနေ ရသလောက်ဓာတ်ပုံတွေရိုက်ဆိုပြီး ကားကို တဖြည်းဖြည်းမောင်းနှင်ပေးနေလို့ တံတားပေါ်မှာ လုံခြုံရေးယူနေတဲ့ တာဝန်ရှိသူတွေက ခရာတတွီတွီမှုတ်ပြီး ကားကို မြန်မြန်မောင်းခိုင်းနေကြတော့တယ်။ ကားတစ်စီးသာဖြတ်သန်းမောင်းနှင်နိုင်တဲ့ တံတားပေါ်မှာ တစ်ဖက်ကို ၅ မိနစ်နှုန်းနဲ့ အလှည့်ကျမောင်းနှင်နေရတာကြောင့် ကားရပ်ပြီး ဓာတ်ပုံရိုက်ဖို့နေနေသာသာ နှေးနှေးနဲ့ ဖြည်းဖြည်းမောင်းနှင်ခွင့်တောင် မရခဲ့ကြရပါဘူး။ ကားမောင်းနေရင်းနဲ့ ဖြစ်သလို၊ ရသလို ရိုက်ယူခဲ့ကြရတယ်။

နာမည်ကျော်ကွမ်းလုံကြိုးတံတားကို ဖြတ်ကျော်လာပြီးတာနဲ့ လမ်းပေါ်မှာ ကားအနည်းငယ်ချောင်သွားပြီး မြို့တွင်းကိုရောက်တော့ တစ်ခါကားရှုပ်၊ ကားကျပ်တာတွေနဲ့ ပြန်လည်ရင်ဆိုင်ကြုံတွေ့ကြရပြန်တယ်။ ကွမ်းလုံမြို့တွင်းလမ်းတွေက အလွန်ကျဉ်းမြောင်းနေကြသလို အိမ်တွေ၊ ဆိုင်တွေကလဲ ကားလမ်းနဲ့ အလွန်နီးကပ်နေကြတယ်။ ဒါပေမဲ့ ကွမ်းလုံမြို့ရောက်ရင် မြန်မာကျပ်ငွေနဲ့ တရုတ်ယွမ်ငွေကို လဲလှယ်ယူရအုံးမယ်ဆိုတဲ့အသိကြောင့် ကားကိုရတဲ့နေရာမှာ ရသလို ရပ်လိုက်ရပြီး မြန်မာငွေနဲ့ တရုတ်ငွေလဲကြဖို့ စီစဉ်ကြရတယ်။ ကားရပ်လိုက်တဲ့နေရာက ကွမ်းလုံမြို့တွင်း စည်ကားတဲ့နေရာဖြစ်နေတာကြောင့် လမ်းဘေးတစ်လျှောက်မှာ စတိုးဆိုင်ကြီးတွေ၊ ဈေးဆိုင်ကြီးတွေ တန်းစီရှိနေကြတယ်။ ဆိုင်အများစုရဲ့ ရှေ့မှာ "ငွေလဲသည်" ဆိုတဲ့ ဆိုင်းဘုတ်လေးတွေ ရေးထိုးချိတ်ဆွဲထားတာကြောင့်လဲ အဆင်ပြေတဲ့နီးစပ်ရာဆိုင်တစ်ဆိုင်ကို ဝင်လိုက်ကြရတယ်။

"ငွေလဲသည်"လို့ ရေးထိုးထားတဲ့ဆိုင်တွေက စတိုးဆိုင်၊ ကုန်စုံဆိုင် စတဲ့ ကုန်ပစ္စည်းတွေရောင်းချနေတဲ့ ဆိုင်ကြီးတွေပါ။ ဆိုင်ဖွင့်ပြီး ကုန်ပစ္စည်းတွေရောင်းချနေရင်း ငွေလဲလှယ်တဲ့အလုပ်ကို ပူးတွဲလုပ်ကိုင်နေကြတယ်။ ရောက်ဖူးခဲ့သမျှ နယ်စပ်မြို့တွေဖြစ်တဲ့ မူဆယ်- ရွှေလီ-ကြူကုတ်(ပန်ဆိုင်း)-ဝမ်တိန်၊ မြဝတီ-မဲဆောက်-တာချီလိတ်-မယ်ဆိုင်၊ တမူး-မိုးရေး၊ ကော့သောင်း-ရနောင်း စတဲ့မြို့တွေမှာ ငွေလဲလုပ်ငန်း လုပ်ကိုင်ကြတဲ့သူတွေအားလုံးက လွယ်အိတ်လေးတစ်လုံး၊ ထိုင်ခုံလေးတစ်လုံးနဲ့ လမ်းဘေးမှာထိုင်ပြီး တွေ့မြင်သမျှ၊ လာသမျှသူတွေအားလုံးကို "ငွေလဲမလား၊ ငွေလဲတယ်" စသဖြင့် ပြောဆိုခေါ်ယူလုပ်ကိုင်နေကြရတာပါ။ အခု ကွမ်းလုံမြို့မှာ ငွေလဲလှယ်လုပ်ငန်းတွေကို လမ်းဘေးမှာထိုင်ပြီး လွယ်အိတ်တစ်လုံးနဲ့ လုပ်ကိုင်နေကြတာမျိုးတွေမတွေ့ရဘဲ ဆိုင်ကြီးတွေက ဆိုင်းဘုတ်ချိတ်ဆွဲလုပ်ကိုင်နေကြတယ်။ ဆိုင်းဘုတ်တွေမှာ လက်ရှိငွေပေါက်ဈေး ဈေးနှုန်းကိုလဲ သိသာထင်ရှားစွာနဲ့ ရေးသားပြသထားတာကို တွေ့မြင်နေရတယ်။

မိမိတို့သွားတဲ့နေ့ရက်ရဲ့ ငွေပေါက်ဈေးရင်းက ၄၂၂ပါ။ ဆိုလိုတာက တရုတ်ယွမ်ငွေတစ်ယွမ်ကို မြန်မာငွေ ၄၂၂ ကျပ်ဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်လဲလှယ်တဲ့အခါမှာ ၁၅ ရာခိုင်နှုန်းအလျှော့ခံရပြီး မြန်မာငွေကျပ်တစ်သိန်းကို တရုတ်ငွေ ၂၃၈ ယွမ်သာရရှိကြတယ်။ ဒါနဲ့ ဒီငွေတွေကို အသုံးမပြုဖြစ်ခဲ့လို့ အပြန်ခရီးမှာ မြန်မာငွေနဲ့ ပြန်လဲမယ်ဆိုရင် ၂၃၈ ယွမ်ကို ငွေကျပ်တစ်သိန်းပြန်ရမလားမေးကြည့်တော့ နောက်ထပ် ၁၅ ရာခိုင်နှုန်း အလျှော့ခံလဲလှယ်ကြရမယ်ဆိုတာကို သိလိုက်ရတယ်။ မိမိတို့က တရုတ်ငွေလိုချင်တော့ ရာခိုင်နှုန်းအလျှော့နဲ့လဲ တရုတ်ငွေကနေ မြန်မာငွေပြန်လိုချင်တော့ နောက်ထပ်ရာခိုင်နှုန်းလျှော့ပြီး လဲလှယ်လိုက်ရနဲ့ လက်ထဲမှာရှိနေတဲ့ မြန်မာငွေတစ်သိန်းက ဟိုဘက်ရောက်၊ ဒီဘက်ရောက် တစ်ခဏတာအချိန်အတွင်း ငွေကျပ်ရှစ်သောင်းတောင် မပြည့်တော့ပါဘူး။ ဒါပေမဲ့ လောက်ကိုင်မြို့မှာ မြန်မာကျပ်ငွေ သုံးလို့မရဘူး။ လမ်းမှာရှိတဲ့ ဂိတ်ကြေးတွေကိုလဲ တရုတ်ယွမ်ငွေနဲ့သာ ပေးချေကြမယ်ဆိုတာကြောင့် လိုရမယ်ရဆိုပြီး လူတစ်ယောက်ကို မြန်မာငွေကျပ်တစ်သိန်းဖိုးစီ လဲလှယ်ယူခဲ့ကြရတယ်။ စုံစမ်းသိရှိထားရသမျှ လောက်ကိုင်မြို့မှာ သာမန်အနိမ့်ဆုံး တည်းခိုခန်းခက လူတစ်ဦးတစ်ယောက်အတွက် တစ်ညကို ယွမ် ၂၀၀၊ ရှမ်းခေါက်ဆွဲတစ်ပွဲ ယွမ် ၂၀၊ သောက်ရေသန့်ဘူးတစ်ဘူး ၁၀ ယွမ်ဖြစ်နေလို့ တစ်ညလောက်အိပ်ပြီး ရှမ်းခေါက်ဆွဲတစ်ပွဲနဲ့ ရေသန့်ဘူး တစ်ဘူး လောက်သာစားသောက်လို့ရနေတယ်။ လောက်ကိုင်ဆိုတာ မြန်မာနိုင်ငံအတွင်းက ခရိုင်အဆင့်မြို့ကြီးတစ်မြို့ဖြစ်နေပေမဲ့ အစစအရာရာ ဈေးကြီးလွန်းနေတယ်။

မြန်မာကျပ်ငွေနဲ့ တရုတ်ယွမ်ငွေလဲလှယ်ပြီးချိန်မှာ ချင်းရွှေဟော်မြို့နဲ့ လောက်ကိုင်မြို့ကို ဆက်လက်သွားရောက်ကြဖို့အတွက် လမ်းကြောင်းအခြေအနေကို လေ့လာစုံစမ်းရတယ်။ ကွမ်းလုံမြို့တွင်းကို တရွေ့ရွေ့မောင်းနှင်လာရတဲ့အချိန်၊ ငွေလဲကြတဲ့အချိန်၊ လေ့လာစုံစမ်းနေတဲ့အချိန်တွေကြောင့် ညနေ ၅ နာရီထိုးခါနီးနေပါပြီ။ ကွမ်းလုံကနေ ချင်းရွှေဟော်ကို ၁၁ မိုင်ကျော်၊ လောက်ကိုင်မြို့ကို ၂၁ မိုင်ကျော် ထပ်မံမောင်းနှင်ရပါအုံးမယ်။ ကွမ်းလုံ-လောက်ကိုင် စုစုပေါင်းမိုင်အကွာအဝေး ၃၂ မိုင်ကျော်ခရီးက ဘာမှမဝေးတော့ပေမဲ့ မသွားမလာဖူးသေးတဲ့ နယ်စပ်မြို့ခရီးတွေဖြစ်နေလို့ အစစအရာရာ သတိထားနေရတယ်။ ဒါ့ပြင် မကြာခင်မှာ နေဝင်မိုးချုပ်တော့မှာဖြစ်တဲ့အတွက်လဲ ပိုပြီး ဆင်ခြင်ဂရုစိုက်နေရတယ်။ ကိုယ့်မြို့ကိုယ့်ဒေသဖြစ်တဲ့ ပြင်ဦးလွင်-မန္တလေး ၄၂ မိုင်ခရီးကို ည ၁၀ နာရီကျော်နေတဲ့တိုင်အောင် သွားရဲလာရဲ၊ သွားနေကျ၊ လာနေကျဖြစ်ပေမဲ့ အခုခရီးနဲ့မတူညီပါဘူး။

မေးမြန်းစုံစမ်းချက်တွေအရ ချင်းရွှေဟော်မြို့ကို ည ၆ နာရီအချိန်မီ ဝင်ရောက်ရန်လိုအပ်ကြောင်း၊ ချင်းရွှေဟော်မြို့ကို ဖြတ်သန်းပြီးရင် လောက်ကိုင်မြို့ထိ ဆက်လက်သွားလာနိုင်ကြောင်း စတဲ့အချက်တွေကိုသိလိုက်ရလို့ ရှေ့ခရီးလောက်ကိုင်မြို့ရောက်အောင် သွားလိုက်ပါအုံးမယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကြံတန်ချိန် ၁၆၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ရေး လျာထားဆောင်ရွက်နေ



**လောက်ကိုင် ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ယခုနှစ် ကြံရာသီတွင် ကြံတန်ချိန် ၁၆၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ရေး လျာထားဆောင်ရွက်နေကြောင်း ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးဖျေးကွက်သတင်းများအရ သိရသည်။

ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ၊ မြေထောက်ပဲ၊ ပဲယဉ်း၊ မြေပဲဆန်၊ ပဲနီကျား၊ စွန်တာနီပဲ၊ နှမ်းညို၊ နှမ်းနက်၊ နှမ်းဖြူ၊ နံ့စားပြောင်း၊ ကြံ၊ ချင်း(စို)၊ ငရုတ်သီး (အစို)၊ ပြောင်းကြိတ်ဖတ် စသည့် ပို့ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် ကြံရာသီတွင် ကြံတန်ချိန် ၁၆၀၀၀၀ ကျော်တင်ပို့ရောင်းချနိုင်ရေး လျာထားဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါကြံသီးနှံများကို ပြည်တွင်းကုမ္ပဏီနှစ်ခုက တင်ပို့ရောင်းချပေးနေခြင်းဖြစ်ပြီး ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလအတွင်း ကြံများကို တင်ပို့ရောင်းချပေးရာတွင် တစ်နေ့လျှင် ကားအစီးရေ ၃၀၀ မှ ၅၀၀ ထိ တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ အဆိုပါကြံတင်ကားများကို မြန်မာယာဉ်မောင်းများက တရုတ်နိုင်ငံအတွင်းရှိ သကြားစက်ရုံများထိ မောင်းနှင်ပို့ဆောင်ပေးနိုင်ရန် ခွင့်ပြုထားကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် ယခုနှစ်ကြံရာသီတွင် ကြံတစ်တန်လျှင် မြန်မာငွေကျပ် ၂၀၀၀၀၀ ကျော် ဈေးနှုန်းပေး ဝယ်ယူလျက်ရှိကြောင်း၊ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ကြံများကို တရုတ်နိုင်ငံသို့ အဆက်မပြတ်တင်ပို့ရောင်းချပေးနေရသဖြင့် ယခုနှစ် ဇန်နဝါရီလက ကုန်သွယ်ရေးလျာထားချက်ပမာဏထက် ၁၁၉ ဒသမ ၂၁၆ ရာခိုင်နှုန်းထိ ပိုမိုဆောင်ရွက်နိုင်ခဲ့သည့်အပြင် ကုန်သွယ်ရေး ပိုငွေရရှိအောင်လည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ-တရုတ်နယ်စပ်ဒေသများဖြစ်သည့် လောက်ကိုင်၊ ချင်းရွှေဟော်၊ နမ့်ခမ်း၊ လွယ်ဂျယ်နှင့် မူဆယ်ဒေသတို့တွင် ကြံသီးနှံကို စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။

**ရှမ်းရှမ်း**

# နမ့်ခမ်းမြို့နယ် ဟိုဆိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်ခမ်း ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် မန့်ဟောင်းကျေးရွာအုပ်စု ဟိုဆိုင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေသတ္တမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် အတူ ဟိုဆိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦး၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၃၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ခိုး**

# ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် မြင့်တက်လာသောသက်ရှိသတ္တဝါများသေဆုံးရမှု

မေဇင်ထွန်း

ဆေးလိပ်သောက်ခြင်းသည် လေထုညစ်ညမ်းမှုကဲ့သို့သော ပတ်ဝန်းကျင်ဆိုင်ရာညစ်ညမ်းမှုများကို ဖြစ်စေသည့်အပြင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ အထူးသဖြင့် နှလုံးဖောက်ခြင်းနှင့် လေဖြတ်ခြင်းတို့ကိုလည်းဖြစ်စေသည်။ ထိုသို့ ရောဂါများဖြစ်ပွားခြင်းမှ သေဆုံးနိုင်ခြေများ မြင့်တက်လာနိုင်သည်ကို လေ့လာမှုအသစ်တစ်ရပ်တွင် ဖော်ပြထားသည်။

Grossman ဆေးကျောင်းနှင့် Sinai တောင်ပေါ်၌ တည်ရှိသော Icahn ဆေးကျောင်းမှ သုတေသီများက ဦးဆောင်ပြီး လေ့လာမှုများပြုလုပ်ခဲ့ကြရာ ပြင်ပလေထုညစ်ညမ်းမှုသည် ပျမ်းမျှရှိသင့်သောအဆင့်များထက် ပိုမိုမြင့်တက်လာသဖြင့် ထိတွေ့မှုပိုမိုများပြားသောသူများတွင် သေဆုံးနိုင်ခြေသည် ရာခိုင်နှုန်းပိုတိုးလာသကဲ့သို့ နှလုံးသွေးကြောဆိုင်ရာရောဂါကြောင့် သေဆုံးနိုင်ခြေသည်လည်း ၁၇ ရာခိုင်နှုန်းထိ တိုးလာကြောင်း သိရသည်။

လေဝင်လေထွက်မရှိသော မီးခိုးခေါင်းတိုင်မှ တစ်ဆင့် ထင်း သို့မဟုတ် ရေနံဆီကိုမီးရှို့ကာ မီးဖိုများကို မီးလှုံရန်၊ အပူပေးရန် အသုံးပြုခြင်းသည် အိမ်တွင်း လေထုညစ်ညမ်းမှုကိုဖြစ်စေပြီး အိမ်တွင်းအစားအစာချက်ပြုတ်ခြင်း သို့မဟုတ် အအေးသက်သာစေရန် အပူပေးစက်အသုံးပြုခြင်း၊ အပူသက်သာစေရန် လေအေးပေးစက်များ အသုံးပြုခြင်းများကြောင့် လူသားတို့ သေဆုံးနိုင်ခြေသည် ၉ ရာခိုင်နှုန်းမှ ၂၃ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။ ထို့သို့ခေတ်မီနည်းပညာသုံး အသုံးအဆောင်များကို အလွန်အကျွံအသုံးပြုသောအပြုအမူလုပ်ရပ်များကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါဖြင့် သေဆုံးနိုင်ခြေသည် ၁၉ ရာခိုင်နှုန်းမှ ၃၆ ရာခိုင်နှုန်းထိ တိုးမြင့်လာသည်။ အထူးဆေးခန်းများနှင့် လူစည်ကားသော လမ်းများအနီးတွင် နေထိုင်ခြင်းသည်လည်း သေဆုံးနိုင်ခြေပိုများသည်။ လေ့လာမှုများအရ အဝေးပြေးလမ်းမကြီး သို့မဟုတ် မြို့ပြလမ်းအနီးတွင် နေထိုင်ခြင်းကြောင့် အရွယ်မတိုင်မီ သဘာဝအတိုင်း သေဆုံးနိုင်ခြေမတိုင်ခင် သေဆုံးမှုများ ပိုများသည်ကို တွေ့ရှိခဲ့သည်။

ထို့ပြင် လူရှုပ်သောလမ်းများအနီး နေထိုင်ခြင်းသည် စိတ်ကျရောဂါ၊ အယ်လ်ဇိုင်းမား၊ ပါကင်ဆန်နှင့် အမျိုးစုံသောအာရုံကြောရောဂါ (MS) ကဲ့သို့သော အာရုံကြောဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြေကို တိုးမြင့်စေသည်ဟု Environmental Health ဂျာနယ်တွင် ဖော်ပြထားသည်။ အခြားလေ့လာမှုတစ်ခုတွင် ကားမောင်းခြင်း သို့မဟုတ် အများသူငါသယ်ယူပို့ဆောင်ရေးယာဉ်စီးခြင်းမှ နှလုံးရောဂါဖြစ်ပွားနိုင်ခြေတိုးလာကြောင်း တွေ့ရှိခဲ့ကြသည်။ အထူးသဖြင့် မြို့ကြီးများတွင် ယာဉ်ကြောနှင့် ဆက်စပ်သော လေထုညစ်ညမ်းမှုများ အဖြစ်များလျက်ရှိပြီး ထိုသို့ ထိတွေ့မိခြင်းကြောင့် ကလေးများတွင် ပန်းနာရင်ကျပ်၊ အဆုတ်လုပ်ဆောင်မှုချို့ယွင်းခြင်း၊ နှလုံးသွေးကြောဆိုင်ရာရောဂါများကဲ့သို့သော ကျန်းမာရေးဆိုးကျိုးများနှင့် ဆက်စပ်နေသည်။

ခေတ်မီနည်းပညာသုံး ဆေးရုံ၊ ဆေးခန်း၊ ဆေးပေးခန်းများနှင့် နီးစပ်ရာတွင်နေထိုင်သော လက်လှမ်းမီနိုင်သူများနှင့် လက်လှမ်းမမီသော ဝေးလံခေါင်းပါးသောနေရာများ၌ နေထိုင်ရသူများ နှိုင်းယှဉ်ပါက မသေသင့်ဘဲသေဆုံးရမှုများ ဒုနဲ့ဒေးပင်ဖြစ်သည်ကို တွေ့ကြရမည်ဖြစ်သည်။ ဆေးကုသမှုပေးရေးနေရာများနှင့် ဝေးကွာစွာနေထိုင်ကြသူများသည် ဥပမာအားဖြင့် ရုတ်တရက်သွေးလွှတ်ကြောပေါက်ခြင်းကြောင့် ကုသရန်ဆေးရုံသို့သွားလျှင် ဝေးလံလွန်းလှသဖြင့် ပေါက်သွားသောသွေးလွှတ်ကြောကို ပိတ်ဆို့ကုသမည့်နေရာသို့ မရောက်မီ အကွာအဝေးအားဖြင့် ဆိုရသော် ၁၀ ကီလိုမီတာအရောက်တွင် အချိန်မမီဘဲ သေဆုံးနိုင်ခြေရာခိုင်နှုန်းများ တိုးလာသည်။ အီရန်နိုင်ငံ၏ ပြည်နယ်များထဲမှ တစ်ခုဖြစ်သော Golestan ပြည်နယ်တွင် နေထိုင်သည့် လူအများစုသည် ခေတ်မီဆေးရုံများ၊ အခြေခံအဆောက်အအုံများမှ ကီလိုမီတာ ၈၀ အကွာတွင် တည်ရှိသည်။

ထို့အတွက် လေ့လာမှုများအရ ကျန်းမာရေးစောင့်ရှောက်မှုများ ကောင်းစွာမပေးနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ရချိန်တွင် အချိန်မီကယ်ဆယ်ရေးလုပ်ငန်းများ မဆောင်ရွက်ပေးနိုင်ခြင်းတို့ကြောင့် သေဆုံးမှုမြင့်တက်ရခြင်းဖြစ်ကြောင်း ဆိုထားသည်။ ထို့ပြင် အိမ်တွင်းနှင့် ပြင်ပလေထုညစ်ညမ်းမှုများကိုဖြစ်စေသော ပတ်ဝန်းကျင်ဆိုင်ရာအကြောင်းအရာများ၊ ခေတ်မီကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမမီမှု၊ ဆူညံစည်ကားသောလမ်းများအနီးအနားရှိ နေထိုင်မှုများမှာ အဓိကအချက်များပင်ဖြစ်သည်။ ထိုသို့ လူသေဆုံးမှုမြင့်တက်ရခြင်းများထဲတွင် အထူးသဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါကြောင့် သေဆုံးရသည့်အကြောင်းရင်းများသည် အားလုံးထက်ပိုများကြောင်းနှင့် ထိုသို့ဖြစ်ရခြင်းမှာ ဆိုးရွားစွာ လေထုညစ်ညမ်းမှုများမြင့်တက်လာမှုကြောင့် ဖြစ်ကြောင်းကိုလည်း NYU Langone Health ရှိ ပြည်သူ့ကျန်းမာရေးနှင့် ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခဒေါက်တာလည်းဖြစ် နှလုံးအထူးကုဆရာဝန်လည်းဖြစ်သူ Rajesh Vedanthan က ဆိုထားသည်။



၎င်းတို့၏ လေ့လာတွေ့ရှိချက်များအရ အသက်အရွယ်ရလာသည်နှင့်အမျှ သဘာဝအတိုင်းသေဆုံးရခြင်းထက် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ လူတို့၏ပယောဂမကင်းသော လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာရသည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် လူသားနှင့် တိရစ္ဆာန်များ သေကျေပျက်စီးရခြင်း၊ အသက်အန္တရာယ်ကို သေသည်ထိ ဒုက္ခပေးတတ်သော ရောဂါများ အဖြစ်များလာခြင်းတို့ကိုဖြစ်စေပြီး ထိုအကြောင်းများသည် နှစ်စဉ်လူသေဆုံးမှုများမြင့်တက်လာရခြင်းများလည်းဖြစ်ကြောင်း Rajesh Vedanthan က ပြောကြားခဲ့သည်။

နှလုံးသွေးကြောဆိုင်ရာရောဂါများကဲ့သို့ လူသားတို့၏ကျန်းမာရေးအပေါ် သက်ရောက်မှုရှိသည့် လေထုညစ်ညမ်းမှုကဲ့သို့သော ပတ်ဝန်းကျင်အန္တရာယ်ဆိုင်ရာအကြောင်းရင်းများ၏ အကျိုးသက်ရောက်မှုကို လျှော့ပါးသက်သာစေခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ အသက်များကို ကယ်တင်နိုင်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာသောရောဂါများကိုလျှော့ချရန် ကျန်းမာရေးမူဝါဒချမှတ်သူများအတွက် အခွင့်အလမ်းသစ်တစ်ရပ်ကို ဖော်ဆောင်ရန်လိုကြောင်း ဆိုင်းနိုင်းတောင်မှ လက်ထောက်ဆေးပညာပါမောက္ခဖြစ်သူ နှလုံးရောဂါဗေဒပညာရှင် Michael Hadley က ဆိုထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ ယခုအခါ ကမ္ဘာတစ်ဝန်း သေဆုံးမှုအားလုံး၏ လေးပုံတစ်ပုံသည် လေထုနှင့် ရေအရည်အသွေးညံ့ဖျင်းခြင်း၊ မိလ္လာမသန့်ရှင်းမှုနှင့် အဆိပ်သင့်ဓာတုပစ္စည်းများ ထိတွေ့မှုအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာအကြောင်းရင်းများကြောင့်ဖြစ်သည်ဟု သိရသည်။

လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေးဆက်စပ်မှုကို ဆိုရမည်ဆိုလျှင် လေထုညစ်ညမ်းမှုတွင် လူ၊ တိရစ္ဆာန်များနှင့် အပင်များ၏ကျန်းမာရေးကို ထိခိုက်စေနိုင်သော လေထုထဲ၌ ဓာတုပစ္စည်းများ သို့မဟုတ် အမှုန်အမွှားများစွာ ပါဝင်သည်။ အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများကိုလည်း ပျက်စီးမှုများဖြစ်စေသည်။ ညစ်ညမ်းသောလေသည် အငွေ့၊ အစိုင်အခဲ၊ အမှုန်အမွှားများနှင့် အရည်မှုန်များ အစရှိသဖြင့် ပုံစံအမျိုးမျိုးရှိသည်။ ထိုသို့ပုံစံအမျိုးမျိုးရှိသည့် ညစ်ညမ်းသောလေထုသည် ကမ္ဘာ့လေထုထဲသို့ ဝင်ရောက်လာတတ်ကြသည်။ လေထုညစ်ညမ်းမှုအများစုသည် လူသားတို့၏ လုပ်ဆောင်မှုများကြောင့်ဖြစ်ပြီး အဓိကအားဖြင့် စက်ရုံများ၊ ကားများ၊ လေယာဉ်များစသည်တို့မှ အဓိကထွက်ရှိသည်။ စီးကရက်မီးခိုးများသည်လည်း လေထုကိုညစ်ညမ်းစေသည်။

တောမီးများ၊ ပြာများ၊ မီးတောင်ပေါက်ကွဲမှုမှ ထွက်သောဓာတ်ငွေ့များ၊ မြေဆီလွှာရှိ အော်ဂဲနစ်ဒြပ်စင်များ ဆွေးမြည့်ခြင်းမှထုတ်လွှတ်သော မီသိန်းကဲ့သို့ ဓာတ်ငွေ့များသည် သဘာဝအတိုင်းဖြစ်ပေါ်လာသော လေထုညစ်ညမ်းမှုအမျိုးအစားများဖြစ်သည်။ လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဆက်စပ်ရောဂါများမှာ အယ်လ်ဇိုင်းမားရောဂါ၊ အဆုတ်ကင်ဆာ၊ အရိုးပွရောဂါတို့ဖြစ်ပြီး အရွယ်မတိုင်မီသေဆုံးခြင်းများကိုလည်း ဖြစ်စေနိုင်သည်။ လေထုညစ်ညမ်းမှုသည် ပြည်သူ့ကျန်းမာရေးကို ကြီးမားစွာထိခိုက်စေသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များကြောင့် စီးပွားရေးဆုံးရှုံးမှုများစွာလည်းရှိသည်။ လေထုညစ်ညမ်းမှု၏သက်ရောက်မှုများကြောင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်အရွယ်မတိုင်မီ သေဆုံးသူ ခုနစ်သန်းခန့်ရှိကြောင်း သိရှိရသည်။

သုတေသနပြုချက်များအရ ကလေးများသည် အရွယ်ရောက်ပြီးသူများထက် လေထုညစ်ညမ်းမှုဒဏ်ကို ပိုမိုခံစားလွယ်သည်။ ကလေးငယ်များသည် အရွယ်ရောက်ပြီးသူများထက် လေကိုပိုမိုရှူရှိုက်တတ်ကြသည်။ ထို့ကြောင့် လေထုညစ်ညမ်းမှုဒဏ်ကို ပိုမိုခံစားကြရခြင်းဖြစ်သည်။ လေထုအရည်အသွေးညံ့ဖျင်းခြင်းကြောင့် စက်မှုဇုန်များ၊ အခြားလေထုညစ်ညမ်းမှုထုတ်လုပ်သော နေရာများနှင့်နီးကပ်စွာတည်ရှိသည့် ဆင်းရဲသားရပ်ကွက်များအတွင်း ရှိသူများသည်လည်း လေထုညစ်ညမ်းမှု ပိုမိုမြင့်မားစွာ ထိတွေ့ရသဖြင့် လေထုညစ်ညမ်းမှုဒဏ်ကို ပိုမိုခံရသည်။

ရေထုညစ်ညမ်းမှုသည် များသောအားဖြင့် ဓာတုပစ္စည်းများ သို့မဟုတ် အဏုဇီဝပိုးမွှားများ ညစ်ညမ်းလာကာ ရေအရည်အသွေးကို ကျဆင်းစေပြီး လူ သို့မဟုတ် ပတ်ဝန်းကျင်ကို အဆိပ်ဖြစ်စေသည်။ ရေသည် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးအတွက် မရှိမဖြစ်လိုအပ်သောအရင်းအမြစ်ဖြစ်သည်။ လေထုညစ်ညမ်းမှုကြောင့် ရေအရင်းအမြစ်များ ညစ်ညမ်းလာပါက ကင်ဆာ သို့မဟုတ် နှလုံးသွေးကြောဆိုင်ရာ အခြေအနေများကဲ့သို့ လူသားများတွင်ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။ အဓိကအားဖြင့် ရေထုညစ်ညမ်းလာလျှင် ရေထဲတွင် ဗက်တီးရီးယား၊ ဗိုင်းရပ်များ၊ ကပ်ပါးပိုးများ၊ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ ဆေးဝါးပစ္စည်းများ၊ နိုက်ထရိတ်၊ ဖော့စဖိတ်၊ ပလတ်စတစ်များ၊ မစင်စွန့်ပစ်ပစ္စည်းများနှင့် ရေဒီယိုသတ္တိကြွပစ္စည်းများ ပါဝင်လာနိုင်သည်။

ရေထုညစ်ညမ်းမှုသည် အစာကွင်းဆက်အတွင်းရှိ ရေနေသတ္တဝါများကို အဆိပ်သင့်ပျက်စီးစေသဖြင့် အစာကွင်းဆက်ကို အနှောင့်အယှက်ပေးသည်။ ငါး၊ ခရု စသည့်ရေနေသတ္တဝါများကို လူသားများက စားသုံးသောအခါတွင် အစာအဆိပ်သင့်ခြင်းများ ဖြစ်ပေါ်လာသည်။ ညစ်ညမ်းသောရေများ၌ ငါးဖမ်းခြင်း၊ ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေဆိုးများကို အသုံးပြုခြင်းသည် စားသုံးသည့်လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည်။ ရေညစ်ညမ်းမှုကြောင့် သောက်သုံးရေများ ညစ်ညမ်းလာကာ သောက်သုံးရေပြတ်လပ်မှုကိုဖြစ်စေနိုင်သည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် သောက်သုံးရန် သို့မဟုတ် အညစ်အကြေးသန့်စင်ရန် ရေသန့်မရှိကြောင်း ကုလသမဂ္ဂက ဆိုထားသည်။ ရေရှားပါးခြင်းကြောင့် ကုလသမဂ္ဂ၏ အဆိုအရ တစ်ကိုယ်ရေ သန့်ရှင်းမှုအားနည်းလာကြသည်။ ထိုသို့တစ်ကိုယ်ရေ သန့်ရှင်းမှုမရှိခြင်းသည် ဝမ်းပျက်ဝမ်းလျှောရောဂါကို ဖြစ်စေနိုင်ပြီး ကမ္ဘာတစ်ဝန်းတွင် တစ်ရက်လျှင် ကလေးဦးရေ ၁၀၀၀ ခန့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် သေဆုံးနေရကြောင်း သိရသည်။

လူသားများတွင် ညစ်ညမ်းသောရေကို သောက်သုံးခြင်းက ကျန်းမာရေးကို များစွာထိခိုက်စေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ လူပေါင်း ၂ ဘီလီယံခန့်သည် ညစ်ညမ်းသောရေကို သောက်သုံးကြရသဖြင့် ကာလဝမ်းရောဂါ၊ အသည်းရောင်အသားဝါရောဂါနှင့် ဝမ်းကိုက်ရောဂါကဲ့သို့သော ရောဂါများကို ခံစားနေကြရကြောင်း ဆိုထားသည်။ ထို့ပြင် ညစ်ညမ်းသောရေတွင် ဓာတုအဆိပ်အတောက်များပါဝင်ပြီး ၎င်းတို့၏ရေတွင်ပါသော ဓာတုအဆိပ်အတောက်များ ခန္ဓာကိုယ်အတွင်းသို့ရောက်သွားပါက ကင်ဆာရောဂါ၊ ဟော်မုန်းများကို ကမောက်ကမဖြစ်စေခြင်း၊ ဦးနှောက်လုပ်ဆောင်ချက်များ ပြောင်းလဲခြင်း၊ ကိုယ်ခံအားနှင့် မျိုးပွားမှုစနစ်များ ပျက်စီးခြင်း၊ နှလုံးသွေးကြောနှင့်ကျောက်ကပ်ဆိုင်ရာပြဿနာများ ဖြစ်ပွားနိုင်ခြေရှိသည်။

သက်ရှိများဖြစ်သော တိရစ္ဆာန်များနှင့် အပင်များသည် ရေကိုမှီခိုနေရသဖြင့် ရေထုညစ်ညမ်းလာလျှင် ထိခိုက်မှုအများဆုံးမှာ လူသား၊ တိရစ္ဆာန်များနှင့် အပင်များပင်ဖြစ်သည်။ ရေထုညစ်ညမ်းမှုသည် ဂေဟစနစ်တစ်ခုလုံးကို ပျက်စီးသွားစေနိုင်သည်။ ညစ်ညမ်းသောရေများကို စီမံခန့်ခွဲခြင်းနှင့် ပြန်လည်ထိန်းသိမ်းခြင်းသည် ကုန်ကျစရိတ်များသည်။ ထို့ကြောင့် လူသားတို့အပါအဝင် တိရစ္ဆာန်များနှင့် အပင်များသေကျေပျက်စီးရမှုကိုလျှော့ချရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်လိုအပ်ကြောင်း ဗဟုသုတအနေဖြင့် ရေးသားအပ်ပါသည်။

**ကိုးကား**

- How many premature deaths are caused by pollution?

# စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက မဖြစ်မနေနိုင်ပွဲရှာဖွေရမဲ့ ချဲလ်ဆီး၊ ဖရိုင်းဘတ်၊ ဆီဗီလာအသင်းတို့ကို ရွေးချယ်ရမှာပါ

ML



လာမဲ့ စနေနေ့ညမှာ အမှတ်ပေးပြိုင်ပွဲအားလုံး ကစားသွားမှာဖြစ်ပေမဲ့ ဥရောပဝင်ခွင့်ရဖို့နဲ့ တန်းဆင်းဇုန်က လွတ်မြောက်ဖို့ကြိုးစားနေတဲ့ အသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာအုံးမှာပါ။ ဒီတစ်ပတ်ကြားရက်မှာ ဖလားပွဲစဉ်တွေကစားထားရတဲ့ အသင်းတွေရှိပေမဲ့ ပရီးမီးယားလိဂ်က အသင်းကြီးအများစု အနားရခဲ့တာကြောင့် ပရီးမီးယားလိဂ်က အသင်းကြီးတွေကိုပဲ အားပေးရမှာဖြစ်သလို အခြားအမှတ်ပေးပြိုင်ပွဲတွေမှာတော့ တိုက်စစ်ကစားပုံကောင်းပြီး ရမှတ်လိုအပ်နေတဲ့အသင်းတွေကိုပဲ အဓိကရွေးချယ်ရမှာပါ။

**ချဲလ်ဆီးနဲ့ လက်တွဲရမှာပါ**

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဝက်စ်ဟမ်းနဲ့ ချဲလ်ဆီးအသင်းတို့ရဲ့ လန်ဒန်ဒါဘီပွဲစဉ်ပဲဖြစ်ပါတယ်။ ပရီးမီးယားလိဂ်မှာတော့ ဒါဘီပွဲစဉ်တွေဟာ အကြိတ်အနယ်ရှိတဲ့ပွဲတွေဖြစ်တာကြောင့် အခုပွဲစဉ်ဟာလဲ ပြိုင်ဆိုင်မှုပြင်းထန်လာအုံးမှာပါ။ ဝက်စ်ဟမ်းအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပရီးမီးယားလိဂ်ပွဲစဉ်မှာ ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့နယူးကာဆယ်အသင်းကို အဝေးကွင်းကနေ ရမှတ်ခွဲယူနိုင်တဲ့ခြေစွမ်းက အားရစရာကောင်းပါတယ်။ ဒါပေမဲ့ သူတို့အသင်းခံစစ်ပိုင်းက ခါရာနဲ့ ဇူမားတို့ ဒဏ်ရာရပြီးနောက်ပိုင်း ပေးဂိုးများလာသလို တိုက်စစ်ပိုင်းကလဲ စကာမက်ကာနဲ့ ကော်နက်တို့ ဒဏ်ရာရနေတာကလဲ အဓိကထိုးနှက်ချက်ဖြစ်နေပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာတော့ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ရမှတ် ၁၉ မှတ်ပဲရရှိထားပြီး တန်းဆင်းဇုန်ကအသင်းနဲ့ ရမှတ်တစ်မှတ်ပဲကွာဟနေတာကြောင့် ဖိအားအောက်ကျရောက်နေတာကိုတွေ့ရမှာပါ။ နည်းပြမိုယက်စ်ရဲ့ဝက်စ်ဟမ်းအသင်းဟာ တိုက်စစ်ကစားပုံကောင်းပေမဲ့ ခံစစ်ပိုင်းကတော့ မြန်နှုန်းမြင့်တိုက်စစ်ကစားသမားတွေနဲ့ဆို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ပေးဂိုးတွေများနေတာကိုတွေ့ရမှာပါ။

လက်ရှိ ပရီးမီးယားလိဂ်မှာ ပြောင်းရွှေ့ကြေးအများဆုံးအသုံးပြုပြီး အဓိက ကစားသမားအမြောက်အမြားခေါ်ယူထားတဲ့ ချဲလ်ဆီးအသင်း အနေနဲ့ ရမှတ်လိုအပ်ချက်ရှိနေတာကြောင့် လန်ဒန်ဒါဘီပွဲစဉ်ကို နိုင်ပွဲရဖို့ ပြင်ဆင်လာမှာပါ။ ချဲလ်ဆီးအသင်းဟာ ဇန်နဝါရီအပြောင်းအရွှေ့ကာလက အန်ဇိုဟန်နန်ဒက်စ်၊ နိုနီ၊ မက်ဒရိုင်းခ်၊ ဂျာအိုဖီးလစ်၊ အန်ဒရီဆန်းတိုစ်၊ ဘာဒီယာရှီး၊ ဒက်ထရိုဖိုဖန်နာတို့လို ခြေစွမ်းပြကစားသမားတွေ ခေါ်ယူခဲ့တာကြောင့် အသင်းလူစာရင်းတောင့်တင်းနေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့လန်ဒန်ဒါဘီပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဖူလ်ဟမ်အသင်းကိုတော့ ဂိုးမရှိသရေရလဒ်ပဲကစားနိုင်ခဲ့ပြီး အိမ်ကွင်းမှာရမှတ်ဆုံးရှုံးခဲ့လို့ ဖိအားတွေရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်ဟာ နည်းပြဂရာဟမ်ပေါ်တာအတွက် မဖြစ်မနေနိုင်ပွဲရှာရမှာဖြစ်သလို လက်ရှိကစားသမားအင်အားနဲ့ ခြေစွမ်းပိုင်းကလဲ ဝက်စ်ဟမ်းအသင်းထက် သာလွန်နေတာကြောင့် ကစားသမားအစုံအလင်နဲ့ပွဲထွက်လာမှာသေချာပါတယ်။ ဒ့ါပြင် ချဲလ်ဆီးအသင်းဟာ အမှတ်ပေးပွဲ ၂၁ ပွဲအပြီးမှာ ရှစ်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ခုနစ်ပွဲရှုံးနဲ့ ရမှတ် ၃၀ ပဲ ရရှိခဲ့တာကြောင့် အဆင့်(၄)က နယူးကာဆယ်အသင်းနဲ့ရမှတ် ၁၀ မှတ်ထိကွာဟနေပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ခက်ခဲနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာအခုပွဲစဉ်မှာ ဂျာအိုဖီးလစ်၊ မေဆင်မောင့်၊ မက်ဒရိုင်းခ်၊ ကိုင်ဟာဗက်တို့နဲ့ ပွဲထွက်လာမယ်ဆိုရင်တော့ အိုဘိုနာ၊ အက်ဂွါတို့နဲ့ပွဲထွက်လာမဲ့ ဝက်စ်ဟမ်းအသင်းခံစစ်ပိုင်း ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်တာကြောင့် ညေ်သည်ချဲလ်ဆီးနဲ့ပဲ လက်တွဲသွားရမှာပါ။

**ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၀ | - | ၁ | ဝက်စ်ဟမ်း |
| ဝုဖ် | ၁ | - | ၀ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၂ | - | ၀ | အဲဗာတန် |
| ဒါဘီ | ၀ | - | ၂ | ဝက်စ်ဟမ်း |
| နယူးကာဆယ် | ၁ | - | ၁ | ဝက်စ်ဟမ်း |

**ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၄ | - | ၀ | ချဲလ်ဆီး |
| ဖူလ်ဟမ် | ၂ | - | ၁ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၁ | - | ၀ | ပဲလေ့စ် |
| လီဗာပူး | ၀ | - | ၀ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၀ | - | ၀ | ဖူလ်ဟမ် |

**ဖရိုင်းဘတ်ကို ရွေးချယ်ရမှာပါ**

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပြိုင်ပွဲထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဖရိုင်းဘတ်နဲ့စတုဂတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖရိုင်းဘတ်အသင်းဟာ ရာသီအစမှာ ရလဒ်ပိုင်းတည်ငြိမ်ခဲ့ပေမဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ပြန်လည်စတင်ခဲ့တဲ့အမှတ်ပေးပြိုင်ပွဲတွေမှာ တစ်ပွဲပဲအနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီနောက်ပိုင်းပွဲစဉ်တွေမှာ ဝုဖ်ဘတ်ကို ခြောက်ဂိုးဂိုးမရှိ၊ ဖရန့်ဖတ်ကို တစ်ဂိုးစီသရေ၊ ဒေါ့မွန်ကို ငါးဂိုးတစ်ဂိုးနဲ့ရှုံးနိမ့်ခဲ့ပြီး ပေးဂိုးတွေများခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ ပိုကယ်ဖလားပွဲစဉ်မှာတော့ ဆန့်ဟူဆန်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ခဲ့သလို ကစားသမားအားလုံး ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် နှစ်ဂိုးပြတ်နဲ့အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီ အိမ်ကွင်းကိုးပွဲမှာ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲပဲရှုံးခဲ့ပြီး သူတို့ရှုံးနိမ့်ခဲ့တာကလဲ ဒေါ့မွန်အသင်းကိုပဲဖြစ်ပါတယ်။ လက်ရှိ ဖရိုင်းဘတ်အသင်းတိုက်စစ်ကိုတော့ ဂရစ်ဖို၊ ဟိုဖလာ၊ ဒိုရန်တို့ ဦးဆောင်နေပြီး ဂရစ်ဖိုက သွင်းဂိုးကိုးဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ ကစားသမားနှစ်ယောက်ဒဏ်ရာကြောင့်မပါနိုင်ပေမဲ့ ခြေစွမ်းပြကစားသမားတွေပါဝင်နိုင်မှာဖြစ်လို့ ကစားအားကျဆင်းသွားမှာမဟုတ်ပါဘူး။

နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲပဲအနိုင်ရထားတဲ့ စတုဂတ်အသင်းရဲ့ခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိပါဘူး။ အဲဒီအနိုင်ရခဲ့တဲ့ပွဲစဉ်ကလဲ ပိုကယ်ဖလားပွဲစဉ်ပဲဖြစ်ပြီး နောက်ဆုံးအမှတ်ပေးပွဲလေးပွဲဆက်ကိုတော့ နိုင်ပွဲမရသေးတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ လက်ရှိအမှတ်ပေးပြိုင်ပွဲ ၁၉ ပွဲအပြီးမှာတော့ သုံးပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ကိုးပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၆ မှတ်ပဲရရှိခဲ့လို့ တန်းဆင်းရဖို့နီးစပ်နေပြီး ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် ရလဒ်ကောင်းဖို့ရုန်းကန်နေရဆဲဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားက ဂူအီရက်စီဖြစ်ပြီး သွင်းဂိုးခြောက်ဂိုးသွင်းယူထားပေမဲ့ အခုပွဲစဉ်မှာ ဒဏ်ရာကြောင့်ပါဝင်ဖို့မသေချာပါဘူး။ ပြီးခဲ့တဲ့ ဘောလုံးရာသီကစလို့ ခြေစွမ်းပိုင်းတိုးတက်လာတဲ့ဖရိုင်းဘတ်အသင်းဟာ နောက်ဆုံးလေးကြိမ် စတုဂတ်နဲ့တွေ့ဆုံမှုမှာ ရှုံးပွဲမရှိသေးတာကြောင့် အခုပွဲစဉ်မှာလဲ အိမ်ကွင်းကစားပုံကောင်းတဲ့ ဖရိုင်းဘတ်ကိုပဲ ရွေးချယ်ရမှာပါ။

**ဖရိုင်းဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | ၆ | - | ၀ | ဖရိုင်းဘတ် |
| ဖရိုင်းဘတ် | ၁ | - | ၁ | ဖရန့်ဖတ် |
| ဖရိုင်းဘတ် | ၃ | - | ၁ | အော့စ်ဘတ် |
| ဒေါ့မွန် | ၅ | - | ၁ | ဖရိုင်းဘတ် |
| ဆန့်ဟူဆန် | ၀ | - | ၂ | ဖရိုင်းဘတ် |

**စတုဂတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စတုဂတ် | ၁ | - | ၁ | မိန့်ဇ် |
| ဟော်ဖန်ဟိမ်း | ၂ | - | ၂ | စတုဂတ် |
| လိုက်ပ်ဇစ် | ၂ | - | ၁ | စတုဂတ် |
| ပတ်ဒါဘွန်း | ၁ | - | ၂ | စတုဂတ် |
| စတုဂတ် | ၀ | - | ၂ | ဝါဒါဘရီမင် |

**ဆီဗီလာပဲ အနိုင်ရမှာပါ**

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဆီဗီလာနဲ့ မာယော့ကာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာတော့ ဘာစီလိုနာကိုအဝေးကွင်းမှာ ဂိုးပြတ်ရှုံးခဲ့တဲ့ ဆီဗီလာအသင်းဟာ တန်းဆင်းဇုန်နဲ့ရမှတ်နှစ်မှတ်ပဲကွာဟခဲ့တာကြောင့် အခုပွဲစဉ်ကို နိုင်ပွဲရှာဖို့ အစွမ်းကုန်ကြိုးစားရမှာပါ။ သူတို့အသင်းဟာ ဘာစီလိုနာနဲ့ပွဲစဉ်မှာ ခံစစ်အသားပေးကစားခဲ့ပေမဲ့ ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် ဒုတိယပိုင်းမှာ ခံစစ်ကျဆင်းခဲ့ပြီး သုံးဂိုးပြတ်နဲ့ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ နည်းပြဆမ်ပါအိုလီ တာဝန်ယူပြီးနောက်ပိုင်း အိမ်ကွင်းကစားပုံမာကျောလာတဲ့ ဆီဗီလာဟာ အခုပွဲစဉ်မှာတော့ မာယော့ကာလို အဝေးကွင်းတိုက်စစ်အားကျဆင်းတဲ့အသင်းကို နိုင်ပွဲရဖို့မခက်ပါဘူး။ ဒ့ါပြင် ပြီးခဲ့တဲ့အပြောင်းအရွှေ့မှာလဲ ဘရိုင်ယန်ဂျီရယ်၊ ပါပီဂိုရီ၊ ဘိတ်တို့လိုကစားသမားတွေကို အငှားခေါ်ယူခဲ့ပြီး ကစားသမားဖြည့်တင်းခဲ့တာကြောင့် ကစားအားကောင်းလာမှာဖြစ်ပါတယ်။ လက်ရှိ သူတို့အသင်းမှာတော့ ကစားသမားလေးယောက်ထိ ဒဏ်ရာရနေပေမဲ့ ကစားသမားစုဖွဲ့မှုက မာယော့ကာထက်သာလွန်နေသလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ အသာရခဲ့တာကြောင့် ဆီဗီလာနိုင်ပွဲရဖို့သေချာနေတာကိုတွေ့ရမှာပါ။

အခုရာသီ အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့အထဲမှာပါဝင်နေတဲ့ မာယော့ကာအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ရီးရဲလ်မက်ဒရစ်ကို အိမ်ကွင်းမှာ တစ်ဂိုးဂိုးမရှိနဲ့အနိုင်ရခဲ့လို့ စိတ်ဓာတ်ပိုင်းတက်ကြွနေပေမဲ့ အဝေးကွင်းကစားပုံကတော့ သာမန်အဆင့်ပဲရှိတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲ အဝေးကွင်း ၁၀ ပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲရှုံးနဲ့ ပေးဂိုး ၁၂ ဂိုး ထိရှိခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် နောက်ဆုံးအဝေးကွင်းသုံးပွဲမှာလဲ အိုဆာဆူနာ၊ ဆိုစီဒက်၊ ကာဒီဇက်တို့ကို ရှုံးနိမ့်ခဲ့ပြီး တိုက်စစ်ပိုင်းက ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိပါဘူး။ သူတို့အသင်းအနေနဲ့ လာလီဂါပွဲစဉ် ၂၀ အပြီးမှာ ရှစ်ပွဲနိုင်၊ လေးပွဲသရေ၊ ရှစ်ပွဲရှုံးနဲ့ ရမှတ် ၂၈ မှတ်စုဆောင်းနိုင်ခဲ့လို့ အဆင့်(၁၀)မှာရောက်ရှိနေပေမဲ့ အဆင့်(၁၆)မှာရပ်တည်နေတဲ့ ဆီဗီလာရဲ့ တန်းဆင်းဇုန်ရုန်းအားကို တားဆီးနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် အဝေးကွင်းရလဒ်ကျဆင်းနေတဲ့ မာယော့ကာတို့ရုန်းကန်ရနိုင်ပြီး ဂိုးပြတ်မရှုံးဖို့ပဲ ကြိုးစားရမှာပါ။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ နိုင်ပွဲရှာရမဲ့ ဆီဗီလာပဲအနိုင်ရသွားမှာပါ။

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အလာဗက် | ၀ | - | ၁ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၀ | ကာဒီဇက် |
| အိုဆာဆူနာ | ၂ | - | ၁ | ဆီဗီလာ |
| ဆီဗီလာ | ၃ | - | ၀ | အယ်ချီ |
| ဘာစီလိုနာ | ၃ | - | ၀ | ဆီဗီလာ |

**မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | ၁ | - | ၀ | မာယော့ကာ |
| ဆိုစီဒက် | ၁ | - | ၀ | မာယော့ကာ |
| မာယော့ကာ | ၁ | - | ၀ | ဆဲလ်တာဗီဂို |
| ကာဒီဇက် | ၂ | - | ၀ | မာယော့ကာ |
| မာယော့ကာ | ၁ | - | ၀ | ရီးရဲလ်မက်ဒရစ် |

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် အလှူငွေထည့်ဝင်လှူဒါန်းပေးနိုင်ပါရန် အသိပေးနှိုးဆော်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီလ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

၂။ ထို့ပြင် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံ ထည့်သွင်း သွင်းလှူပူဇော်ခြင်းကို ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ လှူဒါန်းမှုများအား လက်ခံခဲ့ပြီး အဆိုပါ ၈ ရက်နေ့ နောက်ပိုင်းတွင် ကြိုတင်ပြင်ဆင်ရန် လုပ်ငန်းများရှိပါသဖြင့် အဖိုးတန်ကျောက်မျက် ရတနာများ၊ ဌာပနာပစ္စည်းများကို လက်ခံခြင်းမရှိတော့ဘဲ လှူဒါန်းငွေများကိုသာ လက်ခံသွားမည်ဖြစ်ပါ ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည် -

**ဆက်သွယ်ရန် –**

**၁။ ဦးတင်မောင်စိုး၊ ၀၉-၂၅၀၈၆၂၁၅၈**

**၂။ ဒုတိယဗိုလ်မှူးကြီးဟန်ဝင်းထွန်း၊ ၀၉-၂၀၉၉၀၇၉**

**၃။ ဦးစိုးဟိန်းနောင်၊ ၀၉-၆၉၅၀၀၈၆၈၀**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

# ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

# နဲ့ ဖြည့်စွမ်းထား . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄



ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင်
Exhibition Vanue Award ရရှိခဲ့သော



" မန္တလေးမြို့၏ဂုဏ်ကျက်သရေဆောင် "

# ရတနာပုံခန်းမ

ခန်းမလှုဝင်ဆံ့မှုလူဦးရေ(၁၂၀၀)(စားပွဲဝိုင်းဖြင့်)ဖြစ်ပြီး
အခမ်းအနားများနှင့်ဖျော်ဖြေရေးပွဲများအတွက်
လူဦးရေ(၁၆၀၀+၂၀၀)ထိဆောင်ရွက်နိုင်ပါသည်။

**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ မင်္ဂလာဆောင်ပွဲများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မွေးနေ့ပွဲများ၊ အထိမ်းအမှတ် ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာ ကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။



**ဆက်သွယ်ရန်လိပ်စာ**

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉။



မြင့်မေဓာနာဆေးဆိုက်၊

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။
ဆရာဦးခင်မောင်မြင့်၊ အမှတ်-၃၊ ပိတောက်ရိပ်မြိုင်၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၆၆၆၄၇၈၊ ၀၉-၇၅၈၃၂၃၆၀၇


## ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်နွယ်နီခိုင် (၉/မခန(နိုင်)၀၆၆၀၃၇) အမှတ်၊ ၁၇/၃၈၊ မြင်းခြံမြို့တွင် နေထိုင်သူ၏ခင်ပွန်း ဦးဇော်ခိုင်မင်း(၈/စလန(နိုင်)၀၇၀၅၈၈)သည် မိသားစုဝင်များ၏ဂုဏ်သိက္ခာကို ကျဆင်းစေသည့်ကိစ္စကို ပြုမူဆောင်ရွက်ခဲ့ပါသောကြောင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝသည် မိသားစုဝင်များနှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်နွယ်နီခိုင်**

**(၉/မခန(နိုင်)၀၆၆၀၃၇)**

# စာအုပ်စာပေ လူ့မိတ်ဆွေ

## ကျေးဇူးဆပ်ပါမည်

(6H-2396) (3F-4743) (4M-5782) (6L-7367) တို့၏ အုံနာဘုတ် (ကမ-၃စာအုပ်)များသည် (၇-၂-၂၃)ရက်နေ့တွင် မနော်ဟရီလမ်း၊ ၅၁ လမ်းနှင့် ၆၀ လမ်းကြားပတ်ဝန်းကျင်တွင် ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်-

**09-427508864, 09-970703114**

**09-971320063, 09-2031893**


## ဝန်ထမ်းအလိုရှိသည်

ရှမ်းမင် ပင်လယ်စာတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။

၁။ **ကွန်ပျူတာစာရေးမ (၁)ဦး**
အထက်တန်းဆင့်အောင်မြင်သူဖြစ်ရမည်။
မှတ်ပုံတင်မူရင်းရှိရမည်။
အခြေခံလစာ (180000)၊ ရက်မှန်ကြေး (20000)

၂။ **ပစ္စည်းပို့ရန် Deliver (၂)ဦး**
မှတ်ပုံတင်မူရင်းရှိရမည်။
အခြေခံလစာ (200000)

၃။ **ယာဉ်မောင်း (၁)ဦး**
မှတ်ပုံတင်မူရင်းရှိရမည်။
အခြေခံလစာ (210000)

CV Form နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
၃၉လမ်း၊ ၈၅×၈၆ ကြား၊ မန္တလေး။ 09-750114426


# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် ဘက်ပေါင်းစုံမှ အထောက်အကူပြုသည့်လုပ်ငန်းမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပင်ဖြစ်...

❖ ပြည်တွင်းပြည်ပခရီးသွားလာမှုများကြောင့် ဒေသတွင်းရောင်းဝယ်ဖောက်ကားမှုများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လည်ပတ်နိုင်ခြင်းကြောင့် လည်ပတ်သုံးစွဲငွေများတိုးမြှင့်လာမည်ဖြစ်...

❖ ပြည်ပခရီးသွားများ ဝင်ရောက်ခြင်းကြောင့် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်...

❖ ထို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများဝင်ရောက်မှုရှိစေရေး နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်လျက်ရှိ...

❖ ပြည်တွင်းပြည်ပခရီးသွားလာမှုများမြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက စီးပွားရေးအရ များစွာတိုးတက်ပြောင်းလဲလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဇော်တင်ဘာ ၂၇ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၈/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က Myanmar Electronic Voting Machine (MEVM)နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ



**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က Myanmar Electronic Voting Machine (MEVM) တည်ဆောက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊

**စာမျက်နှာ ၁၉ ကော်လံ ၄ ☆**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စမ်းသပ်တည်ဆောက်ထားသည့် Myanmar Electronic Voting Machine (MEVM) ဖြင့် စမ်းသပ်မဲပေးမှုကို ကြည့်ရှုစဉ်။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563